ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်၊ သောကြာနေ့၊ (11-3-2011) (၆၇၀၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပ၊ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အဆိုများကိုဆွေးနွေးခြင်း၊ တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် ပြည်သူ့လွှတ်တော်၏အဆုံးအဖြတ်ရယူ

ပြည်သူများအတွက် သတင်းအချက်အလက်များ၊ အသိပဟုသုတ၊ ပျော်ပြေမှုများကို ဆောင်ရွက်ပေးလျက်ရှိ

တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများ၏ သက်သာချောင်ချိရေးနှင့် နေထိုင်စားသောက်ရေး

နိုင်ငံတော်က နိုင်ငံ့ဝန်ထမ်းများအပေါ် မိမိရင်ဝယ်သားကဲ့သို့ ထားရှိသည့်စေတနာဖြင့် ဆောင်ရွက်ပေးခဲ့

သဘာဝဘေးများဖြစ်လာသည့်အခါ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးပဟိုကော်မတီအနေဖြင့် ဆောင်ရွက်မည်ဖြစ်

ဝင်ငွေနည်းပြည်သူများအတွက် လိုအပ်သောဆေးကုသနိုင်ခွင့်ရရှိရေး နိုင်ငံတော်မှ ထိရောက်စွာ ဆောင်ရွက်ပေးနေ

နေပြည်တော် မတ် ၁၀

ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်း ရောက်ရှိနေရာယူသည်။ ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယနေ့ ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၄၃၃)ဦးရှိသည့်အနက် (၄၃၁)ဦးတက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် (၉၉ ဒသမ ၅၄) ရာခိုင်နှုန်းတက်ရောက်သဖြင့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး သတ္တမနေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းထားသည့် မေးခွန်းများအနက် စိစစ်ခွင့်ပြုသင့်သည့် ကြယ်ပွင့်ပြမေးခွန်းများကို သက်ဆိုင်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်းများ ဆောင်ရွက်ကြသည်။

ရှေးဦးစွာ လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်းက **စာရေးဆရာဦးသောင်းထွန်း(ငြိမ်း) ညွှန်ကြားရေးမှူး တရားရုံးချုပ်ရွှေ့နေ ပြုစုသော "ပြစ်မှုဆိုင်ရာဥပဒေ" စာမူကို စတားပုံနှိပ်တိုက် ကျောက်တံတားမြို့နယ် ရန်ကုန်မှ ထုတ်ဝေခွင့်ရရှိရန် ၂၀၁၀ ခုနှစ်အတွင်းက စာပေစိစစ်ရေးအဖွဲ့သို့ တင်ပြထားခဲ့ပါကြောင်း၊ ထိုစာမူတွင် မည်သည့်အချက်မှ စည်းကမ်းနှင့်မညီသည်ကို မတွေ့ရသော်လည်း ယနေ့တိုင် ထုတ်ဝေခွင့် ချမပေးခြင်းမှာ မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိလိုပါကြောင်းနှင့် ထိုစာမူကို ထုတ်ဝေခွင့်ချပေးရန် ရှိ၊ မရှိ** မေးမြန်းသည်။

အဆိုပါ မေးမြန်းချက်နှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက ပြန်လည်ဖြေကြားရာတွင် ဦးသောင်းထွန်းပြုစုသော **"ပြစ်မှုဆိုင်ရာဥပဒေ"**စာမူအား ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် စာပေစိစစ်ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့က လက်ခံရရှိစိစစ်ခဲ့ပါကြောင်း၊ ကျမ်းပြုသူက ဥပဒေဆိုင်ရာ ဘာသာရပ်ကို အသေးစိတ်လေ့လာပြီး A-4 အရွယ် စာမျက်နှာပေါင်း (၅၈၅) မျက်နှာဖြင့် ပြုစုထားသည်ကို တွေ့ရပါကြောင်း။

ယခုတင်ပြလာသည့် ဥပဒေဘာသာရပ်သည် သီးခြားပညာရပ်တစ်ခုဖြစ်သည့်အပြင် ကျယ်ပြန့်နက်နဲသိမ်မွေ့ပြီး စာမျက်နှာ ၃ ကော်လံ ၁ သို့☆

ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပစဉ်။
(သတင်းစဉ်)

၁၁-၃-၂၀၁၁
(သောကြာနေ့)

မိုးကြိုဂုန်လျှော်၊ ချည်ပေါင်လျှော် အချိန်မီစိုက်ပျိုး

စိုက်ပျိုးရေးကဏ္ဍ သီးနှံထုတ်လုပ်မှုမြင့်မားရေး အားပေးမြှင့်တင်နေခြင်းသည် ပင်မစီးပွားရေး တောင့်တင်းခိုင်မာမှုကို အထောက်အကူပြုသည်။ ပြည်သူအများ၏ စားဝတ်နေမှု လူမှုစီးပွားဘဝမြင့်မားရေး ဆောင်ကြဉ်းပေးနိုင်လျက်ရှိသည်။

နိုင်ငံလူဦးရေ၏ အများစုသည် တောင်သူလယ်သမားများနှင့် ကျေးလက်နေပြည်သူများဖြစ်ရာ အသက်မွေးဝမ်းကျောင်း စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးလျက်ရှိသည်။ စိုက်ပျိုးရေရရှိရေးအတွက် ဆည်တမံ ရေထိန်းတံခါးပေါင်း နှစ်ရာကျော်ကို တည်ဆောက်ပေးထားရာ ဆည်ရေသောက်လယ်မြေဧက နှစ်သန်းကျော်ကို အကျိုးပြုနေပေပြီ။ သီးထပ်သီးညှပ်သီးနှံများ ပိုမိုစိုက်ပျိုး အကျိုးဖြစ်ထွန်းနေကြပြီ။

တောင်သူလယ်သမားများ ဝင်ငွေတိုးအကျိုးရှိစေရေးအတွက် ဂုန်လျှော်နှင့် ချည်ပေါင်လျှော်တို့ကို စိုက်ပျိုးရာသီချိန်အမီ စိုက်ပျိုးကြရန် လိုအပ်သည်။ မိုးကြိုဂုန်လျှော်ကို ဖေဖော်ဝါရီလလယ်မှ ဧပြီလကုန်အထိ စိုက်ပျိုးနိုင်ပြီး မိုးကြိုချည်ပေါင်လျှော်ကို မတ်လလယ်မှ ဧပြီလကုန်အတွင်း စိုက်ပျိုးပြီးစီးရေး ကြိုးပမ်းကြရပေမည်။

မိုးကြိုဂုန်လျှော်နှင့် ချည်ပေါင်လျှော်စိုက်ပျိုးရာတွင် ထယ်ရေးနက်နက်ထွန်ရေးညက်ညက်ရရေး သတိပြုလုပ်ကိုင်ကြရပေမည်။ မြေခံမြေဩဇာကို မဖြစ်မနေ ထည့်သွင်းသုံးစွဲကြရမည်ဖြစ်သည်။ ယင်းသို့ သုံးစွဲရာတွင် တစ်ဧကလျှင် သဘာဝမြေဩဇာ လှည်းငါးစီးမှ ဆယ်စီးအထိနှင့် ယူရီးယားဓာတ်မြေဩဇာ အနည်းဆုံး ၂၅ ကီလိုနှင့် ပိုတက်ရှ်မြေဩဇာ ၁၂ ဒသမ ၅ ကီလိုတို့ကို ထည့်သွင်းပေးကြရမည်ဖြစ်သည်။

သီးနှံများစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေးသည် အဓိကအရေးပါသည်။ အပင်ပေါက် ရာခိုင်နှုန်း ၈၀နှင့်အထက်ရှိသော မျိုးများကို ဂုန်လျှော်တစ်ဧကလျှင် မျိုးစေ့ ၂ ပြည်နှုန်း၊ ချည်ပေါင်လျှော်တစ်ဧကလျှင် မျိုးစေ့ ၄ ပြည်နှုန်း သုံးစွဲကြရပေမည်။ ချည်ပေါင်လျှော်မျိုးစေ့များအား မစိုက်မီ ၃၊ ၄ ရက် နေလှန်းပြီးမှ စိုက်ပျိုးရန်လည်း လိုအပ်သည်။

ယခုအချိန်သည် မိုးကြိုရာသီ သီးနှံများ ကြိုတင်ပြင်ဆင်လုပ်ကိုင်ရမည့် အချိန်ဖြစ်သည်။ ဂုန်လျှော်နှင့် ချည်ပေါင်လျှော်များ မျိုးစေ့ချစိုက်ပျိုးရန်အတွက် မြေအစိုဓာတ်သင့်တင့်ချိန်တွင် စိုက်ရေးထွန်ရေး ပြင်ဆင်ထွန်ယက်စိုက်ပျိုးခြင်း၊ သက်ဆိုင်ရာရုံးဌာနများနှင့် ဆက်သွယ်၍ ပံ့ပိုးမှု နည်းပညာကူညီမှု ရယူစိုက်ပျိုးခြင်းတို့ဖြင့် အရည်အသွေးကောင်း အထွက်နှုန်းကောင်းသည့်ဂုန်လျှော်နှင့် ချည်ပေါင်လျှော်များ ထွက်ရှိလာမည်ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲ ဟင်္သာတမြို့နယ်၌ ကျင်းပ

ဟင်္သာတ မတ် ၁၀

မူလတန်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၁၀ နာရီက ဟင်္သာတမြို့ ပခန်းရပ်ကွက် အမက(၁၄)ကျောင်းဆောင်သစ်၌ ကျင်းပရာ အခမ်းအနားတွင် ရှေးဦးစွာ ကျောင်းဆောင်သစ်ကို အလှူရှင်နှင့် တာဝန်ရှိသူများကဖွင့်လှစ်ပေးပြီး**(အပေါ်ပုံ)**ဟင်္သာတခရိုင်နှင့် မြို့နယ် ပညာရေးမှူး ဆရာမကြီး ဒေါ်အုန်းနွဲ့က အမှာစကား ပြောကြားသည်။

ထို့နောက် အလှူရှင် ဗိုလ်မှူးကြီး သိန်းလွင် (ငြိမ်း)က ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပခန်းရပ်ကွက် ဥက္ကဋ္ဌဦးဌေးအုန်းက ကျောင်းဆောင်သစ်တည်ဆောက်ခဲ့ပုံများကို လည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင် ဦးသန်းညွန့်က ကျောင်းနှင့် ပတ်သက်သော သမိုင်းကြောင်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အလှူရှင် ဗိုလ်မှူးကြီး သိန်းလွင်(ငြိမ်း)နှင့်ဇနီး ဒေါ်သောင်းရီတို့က ပညာရေးမှူးဆရာမကြီးဒေါ်အုန်းနွဲ့ထံသို့ ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်သည်။

ကုန်ကျ

အဆိုပါ ကျောင်းဆောင်သစ်မှာ တစ်ထပ်အာရ်စီ အမျိုးအစားဖြစ်ပြီး ငွေကျပ်သိန်း၅၀ကျော်ခန့် ကုန်ကျခဲ့ကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

သန်လျင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် မတ် ၁၀

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲက ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား ဂုဏ်ပြုပွဲကို မတ်၈ရက် နံနက် ၁၀နာရီတွင် သာသနာ့ဗိမာန်ခန်းမ၌ ကျင်းပရာ ရန်ကုန်တောင်ပိုင်းခရိုင် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမြတ်စိုးနှင့် သန်လျင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးချစ်ညွန့်တို့က ဂုဏ်ပြုအမှာစကားပြောကြားကြသည်။

ယင်းနောက် သန်လျင်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စုများမှကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးချစ်ညွန့်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မန္တလေးဆေးတက္ကသိုလ်(၅/၁၉၈၁) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၀

မန္တလေးဆေးတက္ကသိုလ် (၅/၁၉၈၁)ကျောင်းသား၊ ကျောင်းသူများ၏ ငွေရတုနှစ်ပတ်လည်နှင့် ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို အောက်တိုဘာ (၁၅၊၁၆)ရက်တို့တွင် ကျင်းပမည်ဖြစ်ရာ အာစရိယပူဇော်ပွဲအတွက် အလှူငွေများကို ဒေါက်တာကျော်ဇေယျ ဖုန်း-၀၉-၂၀၂၄၂၄၆၊ ဒေါက်တာမိမိထွေး ဖုန်း-၀၉-၆၈၀၆၂၇၇၊ ဒေါက်တာစန္ဒာ ဖုန်း-၀၉-၂၀၀၃၈၆၅၊ ဒေါက်တာမျိုးဝင်း ဖုန်း- ၀၉-၂၀၁၁၀၃၄၊ဒေါက်တာထွန်းထွန်းပိုင် ဖုန်း-၀၉-၅၀၀၆၇၃၊ ဒေါက်တာမိမိလွင် ဖုန်း-၀၉-၅၁၂၈၃၀၄၊ ဒေါက်တာထွေးထွေးစန်း ဖုန်း-၀၉-၅၁၅၆၅၀၃၊ ဒေါက်တာကေသီဘုန်းနိုင် ဖုန်း-၀၉-၅၄၀၀၁၀၁၊ ဒေါက်တာ အောင်ကျော်ဦး ဖုန်း-၀၉-၅၃၀၁၆၄၆၊ ဒေါက်တာဥမ္မာလှိုင် ဖုန်း-၀၉-၅၄၁၅၄၅၈နှင့် ဒေါက်တာဝင်းမေသိန်း ဖုန်း-၀၉-၆၈၁၃၂၃၉တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်
စာပေ
လေ့လာစို့

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

ကုသိုလ်ဖြစ်လုပ်ငန်းများ လုပ်ဆောင်နိုင်ရန် အဲရစ်ကလက်ပတန်၏ ဂစ်တာများ လေလံတင်

နယူးယောက် မတ် ၁၀

ကမ္ဘာ့ကျော်ဂန္ထဝင်ရော့ခ်ဂီတသမား အဲရစ်ကလက်ပတန်သည် ကုသိုလ်ဖြစ်လုပ်ငန်းများ လုပ်ဆောင်ရန်ရည်ရွယ်၍ ၎င်းပိုင် ဂစ်တာအလက် ၇၀ကို မတ် ၉ ရက်က လေလံတင်ရောင်းချခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အဲရစ်ကလက်ပတန်၏ ဂစ်တာများ လေလံတင်ရောင်းချပွဲသို့ ရာပေါင်းများစွာသော ပရိသတ်များနှင့် ဂစ်တာဝါသနာအိုးများ လာရောက်ခဲ့ကြပြီး အရောင်းစံချိန်လည်း ကျိုးခဲ့ကြောင်း သိရသည်။ ကလက်ပတန်၏ ၁၉၄၈ခုနှစ်ထုတ် ဂစ်ဘ်ဆင်ဟော်လိုဂစ်တာတစ်လက်ကို အမေရိကန်ဒေါ်လာ ၈၃၀၀၀ဖြင့် ရောင်းချနိုင်ခဲ့ရာ လေလံပွဲ၏ ဈေးအကြီးဆုံး ဂစ်တာဖြစ်ခဲ့ရသည်။ ယင်းဂစ်တာအမျိုးအစား၏ လက်ရှိတန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၃၀၀၀၀ ဖြစ်သည်။

ဘွန်ဟမ်းစ်လေလံအရောင်းပြခန်း၌ ပြုလုပ်ခဲ့သည့် လေလံပွဲတွင် ကလက်ပတန်၏ ဂစ်တာများကို ရောင်းချခဲ့ရာတွင် အများစုသည် မူလခန့်မှန်းထားသည့်ဈေးထက် ပိုမိုရရှိခဲ့သည်။

ကမ္ဘာ့အကောင်းဆုံးဂစ်တာသမား

ကမ္ဘာကျော်ဂီတဖျော်ဖြေပွဲများတွင် အဲရစ်ကလက်ပတန် အသုံးပြုတီးခတ်ခဲ့သော ဂစ်တာအပါအဝင် ၎င်းအလွန်နှစ်သက်သည့် ဖန်ဒါ-စထရာတိုကတ်စ်တာဂစ်တာ အများအပြားကိုလည်း လေလံပွဲ၌ ရောင်းချခဲ့သည်။ အဆိုပါရော့ခ်ဂီတသမားကြီးသည် ကမ္ဘာ့အကောင်းဆုံး ဂစ်တာသမားများထဲတွင် တစ်ဦးအပါအဝင်အဖြစ် သတ်မှတ်ခံခဲ့ရသူဖြစ်သည်။ ၎င်းကို ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့သော အကြီးကျယ်ဆုံး ဂီတသမားများထဲမှ တစ်ဦးအဖြစ် ရိုးလင်းစတုန်း မဂ္ဂဇင်းက ၂၀၀၄ ခုနှစ်တွင် ဂုဏ်ပြုခဲ့သည်။

အေအက်ဖ်ပီ။

တရုတ်အနောက်တောင်ပိုင်းငလျင်ကြောင့် ၂၂ ဦးသေဆုံး

ပေကျင်း မတ် ၁၀

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း မြန်မာနိုင်ငံနှင့် နယ်စပ်ချင်း ထိစပ်လျက်ရှိသောဒေသ၌ ကြာသပတေးနေ့က အင်အားရစ်ချ်တာစကေး ၅ ဒသမ ၈ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ အဆောက်အအုံများ ပြိုကျပျက်စီး၍ အနည်းဆုံး လူ ၂၂ဦး သေဆုံးခဲ့ပြီး ၂၀၀ ကျော် ဒဏ်ရာရခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါငလျင်သည် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ယင်ကျန်းခရိုင်ကို ဗဟိုပြု၍ မြေအောက်အနက် ခြောက်မိုင်ခန့်တွင် လှုပ်ခတ်ခဲ့ကြောင်းသိရသည်။

တရုတ်သတင်းဌာနများ၏ ထုတ်ပြန်ချက်အရ ငလျင်လှုပ်ခတ်မှုကြောင့် လူ ၂၂ ဦးသေဆုံး၍ ၂၀၁ ဦး ဒဏ်ရာရခဲ့ကြောင်း ဖော်ပြထားသည်။ အမေရိကန် ဘူမိလေ့လာရေးအေဂျင်စီ၏ အဆိုအရ ငလျင်ပြင်းအားသည် ၅ ဒသမ ၄အဆင့် ရှိကြောင်း သိရသည်။

ငလျင်ဒဏ်ခံစားခဲ့ရသော ဒေသသို့ တရုတ်အစိုးရ မြို့ပြရေးရာဝန်ကြီးဌာနက ယာယီတဲ ၅၀၀၀ အပါအဝင် လူမှုဒုက္ခထောက်ပံ့ရေးပစ္စည်းများကို ပံ့ပိုးပေးထားကြောင်း သတင်းတွင်ဖော်ပြသည်။

မြန်မာနိုင်ငံ မန္တလေးမြို့၏ အရှေ့မြောက်ဘက်မိုင် ၂၃၀ ခန့် အကွာနယ်စပ်တွင် မြေငလျင်လှုပ်ခတ်မှု ဖြစ်ပွားခဲ့ကြောင်း မြန်မာ့မိုးလေဝသနှင့် ဇလဗေဒဌာနက ပြောကြားသည်။

မြေငလျင်ဒဏ်ခံစားခဲ့ရသော ဒေသတွင် လွန်ခဲ့သည့် နှစ်လခန့်မှစ၍ ငလျင်ငယ်ပေါင်း ၁၀၀၀ ကျော် လှုပ်ခတ်ခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။ **အေပီ။**

သူကြွယ်ကြီးများဦးရေစာရင်း၌ ဥရောပကိုကျော်၍ အာရှက ဒုတိယနေရာတွင် ရပ်တည်

နယူးယောက် မတ် ၁၀

ဖိုးဘီးစ်မဂ္ဂဇင်းက နှစ်စဉ်ထုတ်ပြန်သော ကမ္ဘာ့သူကြွယ်ကြီးများ စာရင်းအရ စီးပွားရေးအခွင့်အလမ်းသစ်များနှင့်အတူ ပေါ်ထွန်းလာသော အာရှသူကြွယ်ဦးရေသည် ဥရောပတိုက်ကို ပထမဆုံးအကြိမ်အဖြစ်ကျော်ဖြတ်ကာ အမေရိကန်ပြည်ထောင်စုနောက် ဒုတိယနေရာတွင် ရပ်တည်နေကြောင်း မတ် ၁၀ ရက် သတင်းများတွင် ဖော်ပြသည်။

တရုတ်နိုင်ငံ၏ သန်းကြွယ်သူဌေးဦးရေသည် ၆၉ ဦးမှ ၁၁၅ ဦးအထိ လည်းကောင်း၊ ဟောင်ကောင်ဒေသ၌ ၂၅ ဦးမှ ၃၆ ဦးအထိ လည်းကောင်း တိုးလာပြီး အာရှ-ပစိဖိတ်ဒေသ တစ်ဝန်းလုံး၌ ၂၃၄ ဦးမှ ၃၃၂ ဦးအထိ ရောက်ရှိလာကြောင်း ဖိုးဘီးစ်မဂ္ဂဇင်းတွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံသား သန်းကြွယ်သူဌေး ၁၀၁ ဦး အပါအဝင် ဥရောပတိုက် တစ်ခွင်လုံး၌ သန်းကြွယ်သူဌေးပေါင်း ၃၀၀ရှိသည်။

အာရှစီးပွားရေးဖွံ့ဖြိုးမှု၏ အဓိကတွန်းအားသည် စတော့ဈေးကွက်များ ထွန်းကားလာမှုနှင့် အစိုးရအဖွဲ့များ၏ စီးပွားရေး မူဝါဒများကြောင့်ဖြစ်ကြောင်း ဖိုးဘီးစ်မဂ္ဂဇင်း အကြီးတန်းစာတည်း လွှိုက်ဆာကရိုးကဆိုသည်။

ဖိုးဘီးစ်မဂ္ဂဇင်း၏ သူကြွယ်စာရင်းအရ အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာပေါ်၌ သန်းကြွယ်သူဌေးအများဆုံး နေထိုင်ရာနိုင်ငံဖြစ်သည်။ လက်ရှိကာလ၌ အမေရိကန်နိုင်ငံတွင် သန်းကြွယ်သူဌေး ၄၁၃ ဦးရှိသည်။

တစ်ဦးချင်းပိုင်ဆိုင်မှုအရ မက္ကဆီကိုနိုင်ငံသား ဆက်သွယ်ရေးလုပ်ငန်းရှင် ကားလို့စ်ဆလင်ဟေလူသည် ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်အဖြစ် ရပ်တည်နေကြောင်း ဖိုးဘီးစ်မဂ္ဂဇင်းတွင် ဖော်ပြထားသည်။

အေအက်ဖ်ပီ။

☆ ရှေ့ဖုံးမှ

အများနားလည်ရန်ခက်ခဲသည့် ဘာသာရပ်ဖြစ်ပါကြောင်း၊ ထို့ကြောင့် စာပေစိစစ်ရေးအဖွဲ့က စာပေစိစစ်ရေးမူများနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ အချိန်ယူ စိစစ်ရပါကြောင်း၊ အလျှဉ်းသင့်ခိုက် စာပေစိစစ်ရေးအဖွဲ့၏ စာပေစိစစ်မှုလုပ်ငန်းသဘောကို အကျဉ်းမျှ ရှင်းပြလိုပါကြောင်း။ စာပေစိစစ်ရေးအဖွဲ့အနေဖြင့် အရာရှိငယ်များ ပါဝင်သည့် Section အဖွဲ့၊ ၎င်းမှတစ်ဆင့် ဒုတိယညွှန်ကြားရေးမှူးဦးစီးအဖွဲ့၊ ၎င်းအဆင့်နှင့် မပြီးပြတ်ပါက ညွှန်ကြားရေးမှူး ဦးစီးအဖွဲ့တို့ဖြင့် အဆင့်ဆင့်စိစစ်ရပါကြောင်း၊ ထို့ပြင် ဘာသာရပ်အပေါ် မူတည်ပြီး အခြားဝန်ကြီးဌာနများနှင့် ဆက်စပ်၍လည်း သဘောထား တောင်းခံရန်လိုအပ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနများသို့ လွှဲပြောင်းပေးပို့ပြီး စိစစ်မှတ်ချက်ပြုစေရသည်များ ရှိပါကြောင်း၊ နောက်ဆုံးတွင် မပြီးပြတ်ပါက ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးထံတင်ပြပြီး ဆုံးဖြတ်ဆောင်ရွက်စေရသည်အထိ ရှိပါကြောင်း၊ စာပေစိစစ်ရေးအဖွဲ့၏ စိစစ်မှု၊ လုပ်ထုံးလုပ်နည်းသည် လိုအပ်လျှင် လိုအပ်သလို အချိန်ယူဆောင်ရွက်ရသည်များ ရှိပါကြောင်း။

သတင်းစာ တစ်နှစ်လျှင် စောင်ရေ (၁၀၈) သန်းကျော်

ယခုစာမူသည်လည်း လိုအပ်ချက်အရ သက်ဆိုင်ရာ ရှေ့နေချုပ်ရုံးနှင့် တရားရုံးချုပ်တို့ထံ ဆက်လက်ပေးပို့ပြီး ဥပဒေ ရေးရာ၊ တရားစီရင်ရေးဆိုင်ရာများနှင့် ဆန့်ကျင်မှု ရှိ၊ မရှိ စိစစ်ရပါကြောင်း၊ သဘောထားမှတ်ချက်များ စုံစုံညီညီရသည့်အခါ စိစစ်ရေးမူများနှင့်အညီ ဆက်လက်ဆောင်ရွက်၊ ခွင့်ပြုပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ယင်းနောက် လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်က **ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) ရုပ်သံလိုင်းများ၏ သတင်းကြေညာချက်နှင့် ပညာပေးဟောပြောသော အစီအစဉ်များကို နားမကြား၊ စကားမပြောနိုင်သော (hear and speech impaired) ပုဂ္ဂိုလ်များအတွက် ဦးခေါင်း၊ ကိုယ်၊ လက်ဟန်ပန်သုံးစကား (sign language) ဖြင့် ပူးတွဲတင်ဆက်ပေးမှုပြုရန် အစီအစဉ် ရှိ၊ မရှိ** မေးမြန်းသည်။

အဆိုပါ မေးမြန်းချက်နှင့် စပ်လျဉ်း၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းက ပြန်လည်ဖြေကြားရာတွင် **ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံ၌ လူဦးရေသန်း (၆၀)ကျော်ရှိပြီး အဆိုပါပြည်သူများအတွက် Media မျိုးစုံနှင့် သတင်းအချက်အလက်များ၊ အသိဗဟုသုတပေးမှုများ၊ ဖျော်ဖြေမှုများကို ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေဖြန့်ချိဆောင်ရွက်ပေးလျက်ရှိပါကြောင်း။**

သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း စသည့် ပုံနှိပ် Media ပိုင်းနှင့်ပတ်သက်လျှင် သတင်းစာ (၅)စောင်၊ ဂျာနယ်(၁၇၀)စောင်၊ မဂ္ဂဇင်း (၁၈၂)စောင် နေ့စဉ်၊ အပတ်စဉ်၊ လစဉ် ထုတ်ဝေလျက်ရှိကြောင်း၊ သတင်းစာစောင်ရေ နေ့စဉ် (၃)သိန်းကျော် တစ်လလျှင် (၉)သန်းကျော်နှင့် တစ်နှစ်လျှင် စောင်ရေ (၁၀၈) သန်းကျော် ဖြန့်ဝေလျက်ရှိကြောင်း၊ ဂျာနယ် မဂ္ဂဇင်းစောင်ရေ တစ်နှစ်လျှင် အနည်းဆုံး စောင်ရေ သန်း (၄၀)ကျော် ထုတ်ဝေပါကြောင်း၊ ထို့အပြင် အခြားစာအုပ် စာစောင်မျိုးစုံ (၄၀၀၀)ကျော် စောင်ရေ အားဖြင့် (၄)သန်းကျော် နှစ်စဉ်ထုတ်ဝေ ဖြန့်ဖြူးလျက်ရှိနေပါကြောင်း။

ထို့အပြင် ရေဒီယိုထုတ်လွှင့်မှုမှာလည်း မြန်မာ့အသံ ရေဒီယို၊ တိုင်းရင်းသားဘာသာရေဒီယို၊ ပိတောက်မြေရေဒီယိုနှင့် FM ရေဒီယိုလိုင်း (၇)လိုင်းတို့က မြန်မာနိုင်ငံအနှံ့ပျံ့နှံ့အောင် နံနက် ၀၅း၃၀ နာရီမှ ည ၁၁ နာရီအထိ ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်း မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

၎င်းအနက်မှ Sign Language သင်တန်းတက်ပြီး၍ နားလည်တတ်ကျွမ်းသူ (၃၆၀) ကျော်သာရှိသည်ကို သိရပါကြောင်း။

နိုင်ငံတော်၌ နားမကြား၊ စကားမပြောနိုင်သောကလေးများ ပညာသင်ကျောင်း (၂)ကျောင်းနှင့် နှစ်စဉ် ကျောင်းသူ၊ ကျောင်းသား (၅၀၀)ကျော်ရှိပြီး Sign Language အပါအဝင် ကျောင်းသင်ဘာသာရပ်များကို သင်ကြားပေးလျက်ရှိပါကြောင်း၊ လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် နားမကြား၊ စကားမပြောနိုင်သူများ၏ ဖွံ့ဖြိုးတိုးတက်ရေး (သို့မဟုတ်) လူ့အသိုက်အဝန်းအတွင်းသို့ ဝင်ဆံ့မှုဖြင့်မြှင့်တင်ရေးကို အမျိုးသားအဆင့် မသန်မစွမ်းသူများဆိုင်ရာ လုပ်ငန်းစီမံချက်များ ချမှတ်ဆောင်ရွက်နေသည်ကို သိရပါကြောင်း။

အဘက်ဘက်မှ လေ့လာပြင်ဆင်ဆောင်ရွက်

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့်လည်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပညာရေး၊ ကျန်းမာရေးစသည့် ဝန်ကြီးဌာနများနှင့် ဆွေးနွေးညှိနှိုင်းမှုများ၊ လိုအပ်ချက်များကို အဘက်ဘက်မှ လေ့လာပြင်ဆင်ဆောင်ရွက်မှုများ ပြုလုပ်ရန်ရှိပါကြောင်း။

အဘက်ဘက်မှ သင့်လျော်သည့် အခြေအနေရောက်သည့်အခါတွင် နားမကြား၊ စကားမပြောနိုင်သော ပြည်သူများအတွက် ရုပ်သံလိုင်း၊ သတင်း၊ ပညာပေး အစီ

ဝန်ထမ်းများ၏ လစာများ တိုးမြှင့်ပေးခြင်း၊ အပိုထောက်ပံ့ကြေးများ၊ ရှားပါးစရိတ်များ စသည်ဖြင့် ထောက်ပံ့ပေးခြင်းများဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရမှာ ဖြစ်ပါကြောင်း။

၁၉၈၈ ခုနှစ်နောက်ပိုင်း ၂၀၁၀ ပြည့်နှစ်အထိ ကာလများကို သုံးသပ်ကြည့်မည်ဆိုပါက ပျမ်းမျှအားဖြင့် (၄၊ ၅၊ ၆) နှစ်အကြား လစာနှုန်းများ တိုးမြှင့်ပေးခဲ့သည်ကို တွေ့ရှိရမှာ ဖြစ်ပါကြောင်း၊ ဤသည်မှာလည်း တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများ၏ သက်သာချောင်ချိရေးနှင့် နေထိုင်စားသောက်ရေးတို့ကို ရှေးရှုပြီး နိုင်ငံတော်က နိုင်ငံ့ဝန်ထမ်းများအပေါ် မိမိရင်ဝယ်သားကဲ့သို့ ထားရှိသည့် စေတနာဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါကြောင်း။

စဉ်းစား၍ ချင့်ချိန်တွက်ချက်ရ

ဝန်ထမ်းလစာနှင့် အငြိမ်းစားလစာ တိုးမြှင့်ခြင်း ဆောင်ရွက်လိုသည့်အခါတိုင်း ငွေကြေးဖောင်းပွမှုနှုန်း၊ နိုင်ငံတော်အတွင်း လှည့်ပတ်သုံးစွဲငွေပမာဏ၊ တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင် ထုတ်လုပ်မှုတန်ဖိုး၊ ပတ်ဝန်းကျင်နိုင်ငံများ၏ ငွေကြေးအခြေအနေ စသည်တို့ကို စဉ်းစား၍ ချင့်ချိန်တွက်ချက်ရပါကြောင်း။

သို့ဖြစ်၍ ယခုအချိန်အခါတွင်လည်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုကိုအခြေခံ၍ အထက်ပါအချက်များကိုသုံးသပ်ပြီး သင့်လျော်သောအချိန်အခါတွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ထို့နောက် လဲချားမဲဆန္ဒနယ်မှ စိုင်းမောင်တင်က **လာဘ်ပေးလာဘ်ယူကိစ္စရပ်ကို ပြည်သူများက လုံးဝမနှစ်သက်ကြပါကြောင်း၊ ထိုကိစ္စဖြစ်ပေါ်နေခြင်းမှာ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ရရှိသည့်လစာနှင့် မိသားစုအသုံးစရိတ် မမျှတ မဖူလုံခြင်းသည်လည်း အကြောင်းအရင်းတစ်ရပ်ဖြစ်သည်ကို တွေ့ရပါကြောင်း။**

သို့ဖြစ်၍ နိုင်ငံတော်အစိုးရသစ်က ဝန်ထမ်းများကို လစာတိုးပေးပြီး နောက်နောင် ထိုကိစ္စရပ်များ လျော့နည်းပပျောက်သွားစေရန် ပြည်သူတို့နှင့်အတူ မည်သို့မည်ပုံ ပူးပေါင်းဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်း မေးမြန်းသည်။

လာဘ်ပေးလာဘ်ယူခြင်း မပြုရအောင်

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းက ပြန်လည်ဖြေကြားရာတွင် နိုင်ငံတော်အစိုးရသည် ဝန်ထမ်းများ၏ ရရှိသည့်လစာနှင့် မိသားစုအသုံးစရိတ်မျှတအောင် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီး နောက်ပိုင်း ခေတ်အဆက်ဆက်တွင် ပြင်ဆင်တိုးမြှင့် ထောက်ပံ့ပေးခဲ့ပါကြောင်း။

၁၉၇၂ ခုနှစ်၊ ၁၉၇၆ ခုနှစ်၊ ၁၉၈၁ ခုနှစ်နှင့် ၁၉၈၈ ခုနှစ် တို့တွင် အစိုးရဝန်ထမ်းများ၏ လစာနှင့် လုပ်ခများ ပြင်ဆင်တိုးမြှင့်ပေးခြင်း၊ ယာယီရှားပါးစရိတ်ခွင့်ပြုပေးခြင်း၊ အပိုထောက်ပံ့ကြေး ခွင့်ပြုပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါကြောင်း။

၁၉၈၈ ခုနှစ်နောက်ပိုင်း ၁၉၈၉ ခုနှစ်၊ ၁၉၉၃ ခုနှစ်နှင့် ၂၀၀၀ ပြည့်နှစ်တို့တွင် ဝန်ထမ်းများ၏ လစာနှုန်း၊ ပင်စင် လစာနှင့် လုပ်ခများ တိုးမြှင့်သတ်မှတ်ပေးခြင်း၊ ၂၀၀၆ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်တို့တွင် ဝန်ထမ်းများ၏ လစာနှုန်းနှင့် လုပ်ခများ တိုးမြှင့်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါကြောင်း။

၁၉၈၈ ခုနှစ်နောက်ပိုင်း ၂၀၁၀ ပြည့်နှစ်အထိ ကာလများကို သုံးသပ်ကြည့်မည်ဆိုပါက ပျမ်းမျှအားဖြင့် (၄၊ ၅၊ ၆) နှစ်အကြား လစာနှုန်းများ တိုးမြှင့်ပေးခဲ့သည်ကို တွေ့ရှိရမှာ ဖြစ်ပါကြောင်း၊ ဤသည်မှာလည်း တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများ၏ သက်သာချောင်ချိရေးနှင့် နေထိုင်စားသောက်ရေးတို့ကို



လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း မေးမြန်းစဉ်။ (သတင်းစဉ်)

လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့် မေးမြန်းစဉ်။ (သတင်းစဉ်)

နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်း မေးမြန်းစဉ်။ (သတင်းစဉ်)

လဲချားမဲဆန္ဒနယ်မှ စိုင်းမောင်တင် မေးမြန်းစဉ်။ (သတင်းစဉ်)

ထို့အတူ ရုပ်မြင်သံကြားထုတ်လွှင့်မှုမှာလည်း MRTV၊ မြဝတီ၊ Channel-4 နှင့် ဆက်စပ်ရုပ်သံလိုင်း(၃၀)လိုင်း၊ Skynet ရုပ်သံလိုင်း(၃၈)လိုင်းတို့ဖြင့် တစ်နိုင်ငံလုံး ပျံ့နှံ့အောင် ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း၊ အချို့လိုင်းများသည် ၂၄ နာရီထုတ်လွှင့်ပေးနေပါကြောင်း၊ Myanmar International Channel (MI) ရုပ်သံလိုင်းအနေဖြင့်လည်း မြန်မာ့အခြေအနေ၊ မြန်မာ့အကြောင်းများကို တစ်ကမ္ဘာလုံးသို့ အင်္ဂလိပ်ဘာသာဖြင့် ၂၄ နာရီ ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း။

ထို့ကြောင့် မြန်မာပြည်သူများအနေနှင့် သတင်းအချက်အလက်များ၊ အသိဗဟုသုတများ၊ ဖျော်ဖြေမှုများကို ကမ္ဘာ့ပြည်သူများနည်းတူ အပြည့်အဝ ရရှိခံစားနိုင်နေကြပါကြောင်း။

လသာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့် ဆွေးနွေးမေးမြန်းသည့် နားမကြား၊ စကားမပြောနိုင်သော ပြည်သူများအတွက် ဦးခေါင်း၊ ကိုယ်၊ လက်ဟန်ပန်စကား (Sign Language)နှင့် ပူးတွဲအသံလွှင့်ပေးရန် ကိစ္စနှင့်ပတ်သက်ပြီး ရှင်းပြရလျှင် **အိမ်နီးချင်းနိုင်ငံများ၊ ASEAN နိုင်ငံများအပါအဝင် အာရှနိုင်ငံအများစုတွင် Sign Language နည်းလမ်းဖြင့် ထုတ်လွှင့်ခြင်း မပြုကြသေးသည်ကို တွေ့ရပါကြောင်း၊ နိုင်ငံအချို့၌သာ အရေးကြီးသည့်သတင်းများ၊ မိန့်ခွန်းများ ထုတ်လွှင့်ချိန်တွင် Sign Language နည်းလမ်းနှင့် ရုပ်မြင်သံကြားဖန်သားပြင် အောက်ခြေထောင့် အကွက်ငယ်မှာ တစ်ပြိုင်တည်းထုတ်လွှင့်သည်ကို တွေ့ရပါကြောင်း။**

ပြည်ထောင်စုမြန်မာနိုင်ငံ၌ ယခုအခါ လူဦးရေ သန်း (၆၀)ကျော်ရှိသည့်အနက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက Focus လုပ်ထားသည့် စာရင်းအရ နားမကြား၊ စကားမပြောနိုင်သူဦးရေ (၁၄၀၀၀၀)ခန့်ရှိပြီး

အစဉ်များ ထုတ်လွှင့်ရာ၌ Sign Language ဖြင့်ပါ ပူးတွဲထုတ်လွှင့်နိုင်အောင် ဆောင်ရွက်သွားရန် အစီအစဉ်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ဆက်လက်၍ နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်းက **နိုင်ငံ့ဝန်ထမ်းများနှင့် ယခင် ပင်စင်စား နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများ တိုးပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးမြန်းသည်။

အဆိုပါမေးမြန်းချက်နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်းက ပြန်လည်ဖြေကြားရာတွင် နိုင်ငံတော်အစိုးရသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက် နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းထားများအား ပြင်ဆင်တိုးမြှင့်ထောက်ပံ့မှုများကို အမြဲသုံးသပ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

၁၉၇၂ ခုနှစ်၊ ၁၉၇၆ ခုနှစ်၊ ၁၉၈၁ ခုနှစ်နှင့် ၁၉၈၈ ခုနှစ်တို့တွင် အစိုးရဝန်ထမ်းများ၏ လစာနှင့် လုပ်ခများ ပြင်ဆင်တိုးမြှင့်ပေးခြင်း၊ ယာယီရှားပါးစရိတ်ခွင့်ပြုပေးခြင်း၊ အပိုထောက်ပံ့ကြေး ခွင့်ပြုပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါကြောင်း။

လစာနှုန်းနှင့် လုပ်ခများ တိုးမြှင့်ပေးခဲ့

၁၉၈၈ ခုနှစ်နောက်ပိုင်း ၁၉၈၉ ခုနှစ်၊ ၁၉၉၃ ခုနှစ်နှင့် ၂၀၀၀ ပြည့်နှစ်တို့တွင် ဝန်ထမ်းများ၏ လစာနှုန်း၊ ပင်စင်လစာနှင့် လုပ်ခများ တိုးမြှင့်သတ်မှတ်ပေးခြင်း၊ ၂၀၀၆ ခုနှစ်နှင့် ၂၀၁၀ ပြည့်နှစ်တို့တွင် ဝန်ထမ်းများ၏ လစာနှုန်းနှင့် လုပ်ခများ တိုးမြှင့်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါကြောင်း။

အထက်ပါအတိုင်း လွတ်လပ်ရေးရပြီးနောက်ပိုင်း ခေတ်အဆက်ဆက်မှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအပေါ် မူတည်၍ နိုင်ငံ့ဝန်ထမ်းများလစာနှင့် အငြိမ်းစား

ရှေးရှုပြီး နိုင်ငံတော်က နိုင်ငံ့ဝန်ထမ်းများအပေါ် မိမိရင်ဝယ်သားကဲ့သို့ ထားရှိသည့် စေတနာဖြင့် ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ပါကြောင်း။

ဝန်ထမ်းလစာနှင့် အငြိမ်းစားလစာ တိုးမြှင့်ခြင်း ဆောင်ရွက်လိုသည့်အခါတိုင်း ငွေကြေးဖောင်းပွမှုနှုန်း၊ ကုန်ဈေးနှုန်းအခြေအနေ၊ နိုင်ငံတော်အတွင်း လှည့်ပတ်သုံးစွဲငွေပမာဏ၊ တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး၊ ပတ်ဝန်းကျင်နိုင်ငံများ၏ ငွေကြေးအခြေအနေ စသည်တို့ကို စဉ်းစား၍ ချင့်ချိန်တွက်ချက်ရပါကြောင်း။

ဝန်ထမ်းများ လာဘ်ပေးလာဘ်ယူကိစ္စရပ်များ လျော့နည်း ပပျောက်စေရန် အတွက် လစာတိုးပေးခြင်း နည်းလမ်းတစ်ခုတည်း ဆောင်ရွက်ရုံဖြင့် မလုံလောက်နိုင်ပါကြောင်း၊ ဝန်ထမ်းများအား လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်းသည် ဝန်ထမ်းတစ်ဦးချင်းအနေဖြင့် လည်းကောင်း၊ ဌာနအနေဖြင့် လည်းကောင်း၊ နိုင်ငံတော်အနေဖြင့်လည်းကောင်း ဂုဏ်သိက္ခာညှိုးနွမ်းစေကြောင်း ပညာပေးခြင်းနှင့် လာဘ်ပေးလာဘ်ယူ ပြုလုပ်ခြင်းကို ဖော်ထုတ်တွေ့ရှိပါက ထိရောက်စွာ အပြစ်ပေးအရေးယူခြင်းတို့ကို ဆောင်ရွက်သွားရမှာဖြစ်ပါကြောင်း၊ တစ်ဆက်တည်းမှာပင် ပြည်သူလူထု အနေဖြင့်လည်း ဝန်ထမ်းများအား လာဘ်ပေးလာဘ်ယူခြင်း မပြုရအောင် ပူးပေါင်းဆောင်ရွက်ကြရန် အသိပေးနှိုးဆော်ခြင်းတို့ကို ဆောင်ရွက်သွားရမှာဖြစ်ပါကြောင်း၊ ထို့အပြင် လာဘ်ပေးလာဘ်ယူပြုလုပ်သူ ဝန်ထမ်းကိုသော်လည်းကောင်း၊ ပြည်သူကိုသော်လည်းကောင်း တာဝန်ရှိသူများအား အသိပေးတိုင်ကြားနိုင်ရန် ဌာနများသတ်မှတ်ပေးခြင်း၊ တိုင်ကြားစေခြင်းနည်းလမ်းများကို ထိရောက်စွာအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် အစည်းအဝေးကို ခေတ္တရပ်နားသည်။ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ●

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

● စာမျက်နှာ ၃ မှ

ယင်းနောက် အစည်းအဝေးပြန်လည်စတင်ရာ အစီအစဉ်အရ အဆိုများကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် ဆုံးဖြတ်ခြင်းကို ဆက်လက်ဆောင်ရွက်သည်။

သဘာဝဘေးအန္တရာယ်များ

ရှေ့ဦးစွာ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၏ **"သဘာဝဘေးအန္တရာယ်တစ်ခုခုကြောင့် လူမှုစီးပွားဘဝ ပျက်စီးမှုပမာဏ ကြီးမားသောအခြေအနေတွင် တိုင်းဒေသကြီး/ ပြည်နယ်အတိုင်းအတာဖြင့် မဖြေရှင်းနိုင်သောအခါ၌ နိုင်ငံတော်က အရေးပေါ် သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသအဖြစ် ကြေညာပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကဏ္ဍအား ပြည်ထောင်စုအစိုးရမှ တိုက်ရိုက်ဝင်ရောက်ကူညီပေးပါရန်"** အဆိုကို လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက ဆွေးနွေးကြသည်။

ပြန်လည်လေ့လာသုံးသပ်

ပထမဦးစွာ အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေက ဆွေးနွေးရာတွင် **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေနှင့် အခြားသောနိုင်ငံများနှင့်နှိုင်းယှဉ်ပါက သဘာဝဘေးအန္တရာယ်ကျရောက်မှုအန္တရာယ် နည်းပါးသည့်နိုင်ငံတစ်ခုဖြစ်သည်ဟု သာမန်**

အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ ဆွေးနွေးစဉ်။ (သတင်းစဉ်)

သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ဆွေးနွေးစဉ်။ (သတင်းစဉ်)

တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ဆွေးနွေးစဉ်။ (သတင်းစဉ်)

အားဖြင့်ဆိုနိုင်သော်လည်း အတိတ်ကဖြစ်စဉ်ဖြစ်ရပ်များကို ပြန်လည်လေ့လာသုံးသပ်ကြည့်ပါက သဘာဝဘေးအန္တရာယ်များ မကြာခဏကျရောက်လေ့ရှိသည်ကို တွေ့ရမှာဖြစ်ပါကြောင်း။

တစ်မျိုးသားလုံး နိုးကြားစွာပါဝင်

ယခုအခါ ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ်များ ကျရောက်မှုမှာ ကမ္ဘာနှင့်အဝှမ်း များပြားလာသည်ကိုတွေ့နေရသကဲ့သို့ အနာဂတ်ကာလများတွင်လည်း ပိုမိုဖြစ်ပွားလာနိုင်သည်ဟု ပညာရှင်များက ခန့်မှန်းထားကြပါကြောင်း။

မမျှော်လင့်ဘဲ သဘာဝဘေးပေါ်ပေါက်လာသည့်အခါ ဆုံးရှုံးမှုနည်းပါးသည်ထက်နည်းပါးစေရေးအတွက် ကြိုတင်မျှော်မှန်း၍ ဆောင်ရွက်သင့်သည်များကို ရေတိုရေရှည်စီမံချက်များဖြင့် စီမံဆောင်ရွက်ထားရန် လိုအပ်သကဲ့သို့ သဘာဝဘေးကျရောက်သည်နှင့် အရေးပေါ်ကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်း အစရှိသည်တို့ကို ကြိုတင်စီမံခန့်ခွဲထားသည့်အတိုင်း **တစ်မျိုးသားလုံး နိုးကြားစွာ ပါဝင်ဆောင်ရွက်သွားရန် အထူးပင်လိုအပ်ပါကြောင်း။**

ကျရောက်နိုင်သော ဘေးအန္တရာယ်များအနေဖြင့် ရာသီဥတုဖောက်ပြန်ခြင်းနှင့် ရေဘေး၊ လေဘေး၊ ပထဝီအနေအထား ပြောင်းလဲခြင်းကြောင့် မြေငလျင်လှုပ်ခြင်း၊ ဆူနာမီဒီလှိုင်းများ ရိုက်ခတ်ခြင်း၊ ဇီဝဘေးအန္တရာယ်များဖြစ်သည့် လူများ၊ တိရစ္ဆာန်များအပေါ် ကပ်ရောဂါကျရောက်ပျံ့နှံ့ခြင်း၊ သီးနှံဖျက်ပိုးမွှားများ၊ ကြွက်များ၊ ကျိုင်းကောင်များ ကျယ်ပြန့်ကြီးမားသောဒေသသို့ ကျရောက်ခြင်း၊ ဓာတု၊ စက်မှုနှင့် ဓာတ်ရောင်ခြည်သင့်မှုအန္တရာယ်နှင့် မီးဘေးအန္တရာယ် စသည်တို့ ဖြစ်ကြပါကြောင်း။

သဘာဝဘေးအန္တရာယ်ကြောင့် အသက်ဆုံးရှုံးဒဏ်ရာရခြင်း၊ အိုးအိမ်နှင့်အသက်မွေးမှုလုပ်ငန်းများ၊ သီးနှံရိက္ခာများ၊ စားဝတ်နေရေးဆိုင်ရာ အထောက်အကူပစ္စည်းများ၊ ကျွဲ၊ နွား တိရစ္ဆာန်ဆုံးရှုံးခြင်း စသည့်ချက်ချင်းလတ်တလော ဆုံးရှုံးမှုများအပြင် အသက်မွေးမှုအခြေခံအဆောက်အအုံများ ပျက်စီးခြင်း၊ ကျန်းမာရေး၊ ပညာရေး လုပ်ငန်းများထိခိုက်ခြင်း၊ လမ်းတံတားဆက်သွယ်ရေး အစရှိသော အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးခြင်း၊ စိုက်ပျိုးမြေ၏သဘာဝများ ပျက်စီးခြင်း၊ သောက်သုံးရေ၏အခြေခံများ ပျက်စီးစေခြင်း၊ ကူးစက်ရောဂါများ ပျံ့နှံ့ခြင်း စသည့် ကာလအတန်ကြာ ထိခိုက်မှုများကိုပါ ဖြစ်ပေါ်စေပါကြောင်း။

ထူထောင်ရေးလုပ်ငန်းများ

ပျက်စီးမှုပမာဏကြီးမားသည့်အခြေအနေတွင် ပြည်ထောင်စုအစိုးရမှ ဘေးအန္တရာယ်ကျရောက်သောဒေသအဖြစ် ကြေညာပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုက်ရိုက်ဝင်ရောက်လုပ်ကိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏(၂၅-၁-၂၀၀၅)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၀၅) ဖြင့် နိုင်ငံတော်ဝန်ကြီးချုပ် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၁၁)ဦးပါဝင်သည့် မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပြီး ယင်းအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့် (က) မှ (ဈ)အထိ (၉)ချက် သတ်မှတ်ပေးထားပါကြောင်း၊ စာပိုဒ် (ဃ)တွင် "သဘာဝဘေးအန္တရာယ် ကျရောက်သည့်ဒေသ၌ အရေးပေါ်အခြေအနေ သတ်မှတ်ကြေညာရေးကိစ္စ၊ လုံခြုံရေးဆောင်ရွက်ပေးရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့အပြင် တပ်မတော်၏အင်အား ရယူအသုံးပြုရေးကိစ္စများနှင့်ပတ်သက်၍ လမ်းညွှန်မှုပေးရန်"ဟု အတိအလင်း သတ်မှတ်ဖော်ပြထားပြီးလည်း ဖြစ်ပါကြောင်း။

အမြော်အမြင်ကြီးမားမှု

မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် နိုင်ငံတော်ဝန်ကြီးချုပ်ကို ခန့်အပ်တာဝန်ပေးထားခြင်းသည် နိုင်ငံတော်အစိုးရ၏ အမြော်အမြင်ကြီးမားမှုဖြင့် သဘာဝဘေးအန္တရာယ်နှင့် ပြည်သူများအပေါ် အထူးအလေးထားသည်မှာ ပေါ်လွင်ထင်ရှားလှပါကြောင်း၊ ဝန်ကြီးချုပ်အဆင့်ရှိ ပုဂ္ဂိုလ်ကြီးအား ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်သည့် နိုင်ငံ၊ အစိုးရများ ကမ္ဘာပေါ်တွင်မရှိသလောက်ရှားပါးမည်ဖြစ်သည်ကို လေ့လာသူတိုင်း သိရှိရမှာဖြစ်ပါကြောင်း။

အထက်ပါအတိုင်း ဗဟိုအဆင့် သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်၊ ခရိုင်နှင့်မြို့နယ်အဆင့်အထိ အဖွဲ့များ ဖွဲ့စည်းပေးထားပြီး လုပ်ငန်းတာဝန်များကိုလည်း သတ်မှတ်ပေးထားခဲ့ပါကြောင်း။

စံနမူနာကောင်းတစ်ခု

ထို့ကြောင့်ပင် နာဂစ်မုန်တိုင်း ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို အချိန်တိုကာလအတွင်း မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ နာဂစ်မုန်တိုင်းဒဏ် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို အခြားနိုင်ငံများမှ စံနမူနာကောင်းတစ်ခုအဖြစ် အသိအမှတ်ပြုခြင်း ခံရသည်အထိပင် အောင်မြင်ခဲ့ခြင်း ဖြစ်ပါကြောင်း။

ထို့အပြင် နိုင်ငံတော်အစိုးရအနေနှင့် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ၊ သဘာဝဘေးဆိုင်ရာစီမံခန့်ခွဲမှု အမျိုးသားအဆင့်ကော်မတီ၊ သဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုဝန်ကြီးဌာနများ ညှိနှိုင်းပေါင်းစပ်မှုကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်သဘာဝဘေး စီမံခန့်ခွဲမှုကော်မတီ၊ ဝန်ကြီးဌာနများ၏ စီမံခန့်ခွဲမှုကော်မတီများနှင့် လုပ်ငန်းတာဝန်များ အသေးစိတ်ပါဝင်သည့် သဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုအတွက် တည်မြဲအမိန့်ကိုလည်း ၂၀၀၉ ခုနှစ် ဇန်နဝါရီလတွင် ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ခရိုင်နှင့် မြို့နယ်အဆင့်အထိ သဘာဝဘေးဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ အဆင့်ဆင့်ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များကိုလည်း သတ်မှတ်ပေးခဲ့ပါကြောင်း။

လက်ရှိအခြေအနေတွင် ကြီးမားပြင်းထန်သည့် သဘာဝဘေး မသတ်မှတ်နိုင်သည့် နိုင်ငံအဝှမ်းဖြစ်ပေါ်ခဲ့သော သာမန်ဘေးအန္တရာယ်များကိုပင် နိုင်ငံတော်အဆင့်မှ အထူးအလေးပေးကာ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးကိစ္စများကို ဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း တွေ့ရပါကြောင်း။

လေ့ကျင့်ဇာတ်တိုက်မှုများ

ယခုအခါ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဟူ၍ ဖွဲ့စည်းထားရာ ကြီးမားပြင်းထန်သည့် သဘာဝဘေးအန္တရာယ်ကြောင့် လူမှုစီးပွားဘဝ ပျက်စီးမှုကြီးမားပါက တိုင်းဒေသကြီးနှင့် ပြည်နယ်

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ ပြန်လည်ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

အစိုးရအဖွဲ့တို့တွင် အတွေ့အကြုံနှင့် ရုပ်ဝတ္ထုပစ္စည်းများပေးထားပြီး လေ့ကျင့်ဇာတ်တိုက်မှုများလည်း စနစ်တကျ ပြုလုပ်ခဲ့ပါကြောင်း၊ ဂီရိမုန်တိုင်း မဝင်ရောက်မီ ၂ ရက်ခန့်ကြိုတင်ပြီး အောက်ခြေအဆင့်အထိ ကြိုတင်သတိပေးနိုင်ခဲ့ပြီး ကာကွယ်ရေးလုပ်ငန်းများ စနစ်တကျ လုပ်ဆောင်နိုင်ခဲ့သဖြင့် အင်အားကြီးမား ပြင်းထန်သော်လည်း လူသေဆုံးမှု အလွန်နည်းပါးခဲ့ခြင်းဖြစ်ပါကြောင်း၊ သို့ပါ၍ ပြည်ထောင်စုအစိုးရမှ သဘာဝ ဘေးအန္တရာယ်ကျရောက်သောဒေသအဖြစ်ကြေညာပြီး ကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို တိုက်ရိုက်ဝင်ရောက်ပေးခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက် သဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပိုမိုသွက်လက်မြန်ဆန် အောင်မြင်ခဲ့ခြင်း ဖြစ်ပါကြောင်း။

သို့ပါ၍ နိုင်ငံတော်အစိုးရမှ မူလကပင် မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ကို လုပ်ပိုင်ခွင့်အပ်နှင်းထားသည့်အတိုင်း ကြီးမားပြင်းထန်သည့် သဘာဝဘေးအန္တရာယ်ကြောင့် လူမှုစီးပွားဘဝပျက်စီးမှုပမာဏကြီးမားသည့် အခြေအနေတွင် အဆိုပါဒေသများအား သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသအဖြစ် သတ်မှတ်ကြေညာပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စများကို ပြည်ထောင်စုအစိုးရက တိုက်ရိုက်ဝင်ရောက်ကူညီပေးသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ပြည်ထောင်စုစိတ်ဓာတ်

ဆက်လက်၍ သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်းမှဆွေးနွေးရာ **ဘေးအန္တရာယ်တိုက်ရိုက်တိုက်ခတ်ခံရသည့်ဒေသကိုသာမကဘဲ တိုက်ရိုက်သဖွယ် သွယ်ဝိုက်ထိခိုက်ခံရသောဒေသများကိုပါ ဥပဒေ၏ စောင့်ရှောက်မှုရစေလိုပါကြောင်း၊ ယင်းမှာ မကြာသေးမီအချိန်က ဂီရိမုန်တိုင်းနှင့်အတူ မိမိတို့ သာပေါင်းမြို့နယ်၌ ခံစားရသည့် လက်တွေ့ဘဝမှာ ခက်ခဲလှပါကြောင်း၊ ထိုကဲ့သို့ ကပ်ဆိုး၊ ဘေးဆိုးကြီးများ ကျရောက်သော ဒေသတစ်ခုကို ပြည်ထောင်စု၏ ကျန်ဒေသများက ပစ်မထားဘူး ဆိုသည်ကို ၎င်းတို့ သိရှိခံစားရလျှင် ၎င်းတို့၏ ပြည်ထောင်စုစိတ်ဓာတ်ကို မိမိတို့ အရယူနိုင်ခြင်းပင် ဖြစ်ပါကြောင်း၊ မြေပုံမြို့မှ ဦးဖေသန်းတင်ပြသည့် သဘာဝဘေးအန္တရာယ်ကြောင့် ဒေသတစ်ခု ပျက်စီးမှုသည် ကြီးမားခဲ့လျှင် ပြည်ထောင်စုအစိုးရက တိုက်ရိုက်ဝင်ရောက်ကယ်ဆယ်ကူညီရန်အဆိုကို ထောက်ခံပါကြောင်း၊ သို့သော်လည်း လိုအပ်သလို ဆက်လက်ဆောင်ရွက်ရာတွင် သွယ်ဝိုက်၍ ထိခိုက်ပျက်စီးသောဒေသများကိုပါ ထည့်သွင်း စဉ်းစားပေးနိုင်သည့် ပြဋ္ဌာန်းချက်များ ပါဝင်သင့်ပါကြောင်း**ဖြင့် ဆွေးနွေးသည်။

ထို့နောက် ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်က ဆွေးနွေးရာ**၂၀၀၈ခုနှစ်နှင့် ၂၀၁၀ ခုနှစ်အတွင်း ကျရောက်ခဲ့သည့် မုန်တိုင်းကြီးများ၏ အကျိုးသက်ရောက်မှုများသည် သက်ဆိုင်ရာဒေသနှင့် ဒေသခံပြည်သူများအတွက် သက်ရောက်မှုများ ရှိနေဆဲဖြစ်ပါကြောင်း၊ ယခု ရခိုင်ပြည်နယ်အတွင်း**

စာမျက်နှာ ၅ ကော်လံ ၁ သို့

❖ စာမျက်နှာ ၄ မှ

ကျရောက်ခဲ့သည့် ဂီရိမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုသည်လည်း ဒေသအခြေအနေနှင့် ကြည့်လျှင် ပြင်းထန်ပါကြောင်း၊ မုန်တိုင်းသင့်ဒုက္ခသည်များအား နိုင်ငံတော်၊ ဌာန ဆိုင်ရာ၊ NGO နှင့် INGO များက အထိုက်အလျောက် ပံ့ပိုးခဲ့ကြသော်လည်း ပျက်စီးမှုနှင့် နှိုင်းယှဉ်ပါက နည်းပါးသည်ဟု ယူဆမိပါကြောင်း၊ မိမိအတွေ့အကြုံအရ ရခိုင်ပြည်နယ် အတွင်း ကျရောက်ခဲ့သည့် ဂီရိမုန်တိုင်းကြောင့် ဖြစ်ပေါ်ခဲ့သော လေဘေး၊ ရေဘေး အန္တရာယ်အတွက် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ရခိုင်ပြည် နယ် အတိုင်းအတာဖြင့် အပြည့်အဝဖြေရှင်းနိုင်စွမ်းမရှိဟု ကြားသိနေရပါကြောင်း၊ ထို့ကြောင့် အရေးပေါ်သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသအဖြစ် ကြေညာ ပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကဏ္ဍကို ပြည်ထောင်စုအစိုးရမှတိုက်ရိုက် ဝင်ရောက်ကူညီပေးရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၏ အဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ဝင်ရောက်ကူညီပေး

ယင်းအဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ဖြစ်သည့် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီအတွင်း ရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေက ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်သွင်းထားသည့် သဘာဝဘေးအန္တရာယ်တစ်ခုခုကြောင့် လူမှုစီးပွားဘဝ ပျက်စီးမှု ပမာဏကြီးမားသော အခြေအနေများတွင် နိုင်ငံတော်မှ သဘာဝဘေးကျရောက်သောဒေသအား အရေးပေါ်ဒေသအဖြစ်ကြေညာပြီး ပြည်ထောင်စုအစိုးရမှ တိုက်ရိုက် ဝင်ရောက် ကူညီပေးရန် အဆိုပြုခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြလိုပါကြောင်း။

နာဂစ်မုန်တိုင်း ထိခိုက်ပျက်စီးမှု

၂၀၀၈ ခုနှစ် မေလ ၂ ရက်နှင့် ၃ ရက်နေ့များ၌ တိုက်ခတ်ခဲ့သည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်း ကျရောက်ရာဒေသများကို သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများအဖြစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၈ ခုနှစ် မေလ ၃ ရက်နေ့ ရက်စွဲပါ ကြေညာချက်အမှတ် (၄/၂၀၀၈)ဖြင့် ကြေညာခဲ့ပါကြောင်း၊ နာဂစ်မုန်တိုင်းဒဏ်ကြောင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့၌ သေဆုံးပျောက်ဆုံးသူလူဦးရေ (၁၃၈၃၇၃) ဦးနှင့် တိရစ္ဆာန်များစွာ သေဆုံးခဲ့ရပြီး လူဦးရေ (၆ ဒသမ ၅)သန်းခန့် ထိခိုက်ခဲ့ကာ နိုင်ငံတော်နှင့် ပုဂ္ဂလိကပိုင် ဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် (၁၁ ဒသမ ၇) ထရီလီယံကျော် ရှိခဲ့ပါကြောင်း၊ နိုင်ငံတော် အစိုးရက တိုက်ရိုက်ဝင်ရောက် ကူညီဆောင်ရွက်ပေးခဲ့သည်ကို တွေ့နိုင်ပါကြောင်း။

ရခိုင်ပြည်နယ် **ဂီရိဆိုင်ကလုန်းမုန်တိုင်းသည် နာဂစ်မုန်တိုင်းကဲ့သို့ အင်အားပြင်းထန်သော မုန်တိုင်းဖြစ်သော်လည်း လူအသေအပျောက်မှာ ၄၅ ဦးသာရှိပြီး ထိခိုက်ပျက်စီးဆုံးရှုံးမှုမှာ နာဂစ်မုန်တိုင်းနှင့် နှိုင်းယှဉ်ပါက လွန်စွာနည်းပါးခဲ့**ပါကြောင်း၊ လူဦးရေ (၂ ဒသမ ၂) သိန်းကျော်သာထိခိုက်ခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးငွေကျပ် (၀ ဒသမ

အလုံ မဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည် (ခ) ဦးခင်မောင်ရည် ဆွေးနွေးစဉ်။
(သတင်းစဉ်)

၀၂၄) ထရီလီယံဖြစ်သည့်အတွက် နာဂစ်မုန်တိုင်း ထိခိုက်ပျက်စီးမှု၏ (၀ ဒသမ ၂) ရာခိုင်နှုန်းခန့်သာရှိပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ဂီရိဆိုင်ကလုန်းမုန်တိုင်းသည် သေကျေပျက်စီးဆုံးရှုံးမှုနည်းသော်လည်း ရခိုင်ပြည်နယ်သို့ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးနှင့် အဖွဲ့ဝင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့ကို မုန်တိုင်းတိုက်ခတ်နေဆဲ အောက်တိုဘာလ ၂၃ ရက်၌ စတင်စေလွှတ်ခဲ့ပြီး လေဘေးသင့်ဒေသများတွင် အရေးပေါ်ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို ဆောင်ရွက်စေခဲ့ပါကြောင်း၊ ထို့နောက် **နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်ပြီး ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့်အတူ အမျိုးသား သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်များမှလည်း ဝိုင်းဝန်းတာဝန်ယူ ဆောင်ရွက်စေခဲ့သဖြင့် လုပ်ငန်းများ ပိုမိုထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ခဲ့**ပါကြောင်း၊ ထို့ပြင် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီးအား ကျောက်ဖြူမြို့နယ်တွင်လည်းကောင်း၊ သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီးအား မြေပုံမြို့နယ်တွင်လည်းကောင်း မြို့နယ်တာဝန်ခံဝန်ကြီးများအဖြစ် အသီးသီးတာဝန်ယူ၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်စေခဲ့ပါကြောင်း။

ကိုယ်စားလှယ်တော်ကြီး၏ အဆိုပြုတင်ပြလာသော ဖော်ပြချက်များနှင့် ပတ်သက်၍ ဂီရိဆိုင်ကလုန်းမုန်တိုင်း ပြန်လည်ထူထောင်ရေး ဆောင်ရွက်မှုများကို ရှင်းလင်းသွားမည် ဖြစ်ပါကြောင်း၊ ရှေးဦးစွာ ဆည်/တာ/တမံများ ပြင်ဆင်ပြီးစီးမှုကို အသိပေးပြောကြားလိုပါကြောင်း၊ **မြေပုံမြို့နယ်၌ ဆည်မြောင်း တာတမံ (၃)ခု၊ ပေါက်တောမြို့နယ်၌ (၆)ခု၊ ကျောက်ဖြူ မြို့နယ်၌ (၁)ခု၊ အမ်းမြို့နယ်၌ (၁)ခု စုစုပေါင်း (၁၁)ခုနှင့် ရေငန်တားလှိုင်းကာ (၂)ခုတို့ကို (၁၀၀)ရာခိုင်နှုန်း ပြန်လည်ပြုပြင်ပြီး ဖြစ်ပါကြောင်း၊ ကျောက်ဖြူမြို့နယ် ငလေပွေ့တာတမံအား (၆၃) ရာခိုင်နှုန်း ပြုပြင်ပြီးစီးခဲ့ပြီး ယခုနှစ်စိုက်ပျိုးရေးကာလ မိုးရာသီမတိုင်မီ ရာနှုန်းပြည့်ပြီးစီးရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကာရီခေါ် လယ်သမားတာ (၂၆ ဒသမ ၂၈)မိုင် ပျက်စီးခဲ့ရာ စုစုပေါင်း (၁၉ ဒသမ ၁၈) မိုင် ပြုပြင်ပြီးဖြစ်၍ (၇၃)ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါကြောင်း၊ ယခုနှစ်မိုးရာသီမတိုင်မီ ရာနှုန်းပြည့်ပြီးစီးအောင် စီမံဆောင်ရွက်လျက်ရှိ**ပါကြောင်း။

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ပြန်လည်ရှင်းလင်းဆွေးနွေးစဉ်။
(သတင်းစဉ်)

ပေးပို့ထောက်ပံ့ခဲ့ပြီးဖြစ်

ဂီရိမုန်တိုင်းကြောင့် သီးနှံစိုက်ပျိုးဧက (၇၂၅၄၀)ဧက ပျက်စီးခဲ့သော်လည်း ယခုဆောင်းသီးနှံ (၁၂၂၁၉၅)ဧက စိုက်ပျိုးခဲ့သဖြင့် စိုက်ဧကပိုမိုစိုက်ပျိုးနိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ **လာမည့်မိုးရာသီအတွက် FAO မှ မျိုးစပါးဧက (၁၅၀၀၀)စာ တာဝန်ယူစုဆောင်းထားရှိပြီးဖြစ်ပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနနှင့် အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများမှလည်း မိုးရာသီ၌ စပါးအချိန်မီ စိုက်ပျိုးနိုင်ရန် မျိုးစပါးများ ဖြန့်ဝေပေးရေး စီစဉ်ဆောင်ရွက်ပြီး ဖြစ်ပါကြောင်း၊ ဂီရိမုန်တိုင်းသင့် ပြည်သူများအတွက် အရေးပေါ်နှင့် ပြန်လည်ထူထောင်ရေးကာလ စားသုံးနိုင်ရန် စုစုပေါင်း ဆန် (၇၄၆၁၇ ဒသမ ၅) အိတ် ပေးပို့ထောက်ပံ့ခဲ့ပြီး ဖြစ်**ပါကြောင်း။

ကျွဲ၊ နွားကောင်ရေ (၂၁၉၆)ကောင်အား ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဦးစီးဌာနနှင့် FAO တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြေပုံမြို့နယ်အတွင်း အိမ်ထောင်စု (၆၅၀)အတွက် ဆိတ်ကောင်ရေ (၁၃၀၀) ဖြန့်ဖြူးပေးရန် စီစဉ်ထားပြီးဖြစ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် သဘာဝဘေးအမျိုးမျိုးကို အခြေအနေ (၂)မျိုးနှင့် စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ပထမအခြေအနေ (၁)မျိုးမှာ သဘာဝဘေးကျရောက်မှု အရွယ်အစားများအရ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးတို့အနေဖြင့် အဓိကအခန်းကဏ္ဍမှ ဖြေရှင်းဆောင်ရွက်ပြီး ဗဟိုမှ ပံ့ပိုးကူညီမှုဖြင့်သာ ဆောင်ရွက်ပေးရသည့် အခြေအနေဖြစ်ပါကြောင်း၊ ဒုတိယအခြေအနေ (၁)မျိုးမှာ သဘာဝဘေးကျရောက်မှု အရွယ်အစားကြီးမားပြီး ပျက်စီးဆုံးရှုံးမှု ပမာဏများပြားသဖြင့် ဗဟိုက အဓိကအခန်းကဏ္ဍမှ တာဝန်ယူစီမံကွပ်ကဲကာ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတို့မှ ပံ့ပိုးကူညီမှုဖြင့်သာ ဆောင်ရွက်ရသည့် အခြေအနေ ဖြစ်ပါကြောင်း။

အဆိုပါကိစ္စနှင့်ပတ်သက်၍ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီမှ ထုတ်ပြန်ထားခဲ့သည့် သဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုအတွက် တည်မြဲအမိန့်မှာ သတ်မှတ်ထားရှိပြီးဖြစ်ပါကြောင်း၊ သာမန်သဘာဝဘေးဒုက္ခ ကျရောက်သည့် အိမ်ထောင်စု (၁)စု၊ (၂)စုကိုပင်လျှင် နိုင်ငံတော်မှ ကယ်ဆယ်ရေးအကူအညီများ ပေးလျက်ရှိပါကြောင်း၊ ယခုအခါ ပြည်ထောင်စုအစိုးရအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများရှိလာပြီဖြစ်၍ နောင်တွင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရကပါ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ပေးသွားနိုင်မည် ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ **သဘာဝဘေးများဖြစ်လာသည့်အခါတွင် ဘေးအန္တရာယ်ကျရောက်မှု ပမာဏနည်းပါးသည့် အခြေအနေတွင်ဖြစ်စေ၊ ဘေးအန္တရာယ်ကြီးမားကျယ်ပြန့်စွာ ကျရောက်မှုကြောင့် တိုင်းဒေသကြီး/ ပြည်နယ်များအနေဖြင့် ဖြေရှင်းဆောင်ရွက်ရန် မဖြစ်နိုင်သည့် အခြေအနေများတွင်ဖြစ်စေ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီအနေဖြင့် နိုင်ငံတော်ကိုယ်စား တာဝန်ယူဆောင်ရွက်သွားမည်သာဖြစ်**ပါကြောင်း။

ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီးမှ တင်ပြထားသည့် ကိစ္စမှာ မူလကပင် နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိခြင်း၊ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ ရှိပြီးဖြစ်ခြင်း၊ ဗဟိုမှ တိုက်ရိုက်ဝင်ရောက်ကူညီနေပြီဖြစ်ခြင်း၊ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီမှ သဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုအတွက် တည်မြဲအမိန့် သတ်မှတ်ထုတ်ပြန်ထားပြီးဖြစ်ခြင်းတို့ကြောင့် ကိုယ်စားလှယ်ကြီးတင်ပြထားသည့်အဆိုကို နိုင်ငံတော်မှ ဆောင်ရွက်ပေးလျက်ရှိပြီး ဖြစ်ကြောင်းကို အသိပေးတင်ပြအပ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြေပုံမြို့နယ်မှ ဦးဖေသန်း၏ အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်အဆုံးအဖြတ်ရယူရာ အဆိုကို လွှတ်တော်က သဘောတူသည့်အတွက် **“သဘာဝဘေးအန္တရာယ်တစ်ခုခုကြောင့် လူမှုစီးပွားဘဝ ပျက်စီးမှုပမာဏကြီးမားသော အခြေအနေတွင် တိုင်းဒေသကြီး/ပြည်နယ်အတိုင်းအတာဖြင့် မဖြေရှင်းနိုင်သောအခါ၌ နိုင်ငံတော်က အရေးပေါ်သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသအဖြစ် ကြေညာပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကဏ္ဍအား ပြည်ထောင်စုအစိုးရမှ တိုက်ရိုက်ဝင်ရောက်ကူညီပေးပါရန်”**အဆိုကို လွှတ်တော်က အတည်ပြုဆုံးဖြတ်ကြောင်း ကြေညာသည်။

ယင်းနောက် နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်းက **“ဝင်ငွေနည်းပြည်သူများအတွက် ဆေးကုသခွင့် အာမခံချက်ရှိသော အမျိုးသားကျန်းမာရေးစနစ်တစ်ခု ထူထောင်ရန်”** အဆိုကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃)ဦးက ဆွေးနွေးကြသည်။

ရှေးဦးစွာ တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင်က ဆွေးနွေးရာ **ကျန်းမာရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ နေထိုင်လျက်ရှိကြသော ပြည်သူများအားလုံး၏အကျိုးအတွက် ရှေးရှုလျက် ဆွေးနွေးလိုပါကြောင်း၊ အဘယ့်ကြောင့်ဆိုလျှင် မိမိတို့နိုင်ငံ၌ နေထိုင်ကြသော ဝင်ငွေနည်းပြည်သူများမှာ ကျန်းမာရေး ချို့ယွင်းမှုတစ်ခုခုရှိလာပြီဆိုလျှင် ဆေးကုသရန် ကုန်ကျစရိတ်အတွက် အခက်အခဲများရှိနေသည်ကို တွေ့ရပါကြောင်း၊ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံတွင် ၎င်းတို့ပြည်သူများ အတွက် ကျန်းမာရေးအာမခံကတ်ပြားဖြင့် ဆောင်ရွက်ပေးနေခြင်းမှာ အခမဲ့မဟုတ်သော်လည်း ဝင်ငွေနည်း နိုင်ငံသားများအတွက် အလွန်သက်သာသည်ဟု ကြားသိရပါကြောင်း၊ မိမိတို့နိုင်ငံ၌လည်း ယင်းသို့ ဝင်ငွေနည်းပြည်သူများအတွက် ဆေးကုသမှု အာမခံချက်ရှိသော အမျိုးသားကျန်းမာရေးစနစ်တစ်ခု ထူထောင်ပေးမည်ဆိုလျှင် ဝင်ငွေနည်းပြည်သူများသာမကဘဲ လူတန်းစားမရွေး ကျန်းမာရေးအတွက် အားလုံး အဆင်ပြေနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ သို့ဖြစ်ပါ၍ “ဝင်ငွေနည်းပြည်သူများ ဆေးကုသခွင့် အာမခံချက်ရှိသော အမျိုးသားကျန်းမာရေးစနစ်တစ်ခု ထူထောင်ရန်” အဆိုကို ထောက်ခံပါကြောင်း**ဖြင့် ဆွေးနွေးသည်။

အမျိုးသားကျန်းမာရေးစနစ်

ထို့နောက် အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည် (ခ) ဦးခင်မောင်ရည်က ဆွေးနွေးရာတွင် **မြို့ပြမှသည် ကျေးလက်တောရွာဒေသများရှိ မြန်မာနိုင်ငံတွင် အထွေထွေရောဂါကုဆေးရုံကြီးများ၊ မြို့နယ်ဆေးရုံများ၊ တိုက်နယ်ဆေးရုံ၊ ဒေသန္တရဆေးခန်းများ၊ လူမှုဖူလုံရေးဆေးခန်းများအပြင် အထူးကုဆေးခန်းများ၊ ပုဂ္ဂလိကဆေးခန်းများမှာ ၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော် အစိုးရလက်ထက်တွင် တိုးတက်များပြားလာသည်ကို တွေ့မြင်နေရပါကြောင်း၊ ခုတင် (၁၀၀၀)ကဲ့သို့ ဆေးရုံကြီးများ ပေါ်ပေါက်လာသည်ကိုလည်း ဝမ်းမြောက်ဖွယ်တွေ့ရှိရပါကြောင်း၊ ဆေးပညာတိုးတက်မှုများ၊ အဆင့်မြင့်စက်ကိရိယာအသုံးပြုမှုနှင့် ရောဂါရှာဖွေရေးစက်ကိရိယာများ များစွာအသုံးပြုလာနိုင်သည်ကို တွေ့မြင်နေရပါကြောင်း၊ သို့သော် ဝင်ငွေနည်း ပြည်သူများအား အခြေခံ၍ ပြည်သူများ ကျန်းမာရေးအသိ မြင့်မားစေရေးအတွက် လက်ရှိအခြေအနေထက် ပိုမို ကောင်းမွန်သော နည်းလမ်းများပါဝင်သည့် အမျိုးသားကျန်းမာရေး အာမခံစနစ်တစ်ရပ် အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးသင့်ပါကြောင်း၊ ယင်းကိစ္စအတွက် ကျွမ်းကျင်သောအသိပညာရှင်၊ အတတ်ပညာရှင်တို့ပါဝင်သည့် ကော်မတီတစ်ရပ်ဖွဲ့စည်းရန် လိုအပ်ပါကြောင်းနှင့် “ဝင်ငွေနည်းပြည်သူများ ဆေးကုသခွင့် အာမခံချက်ရှိသော အမျိုးသားကျန်းမာရေးစနစ်တစ်ခု ထူထောင်ရန်” အဆိုကို ထောက်ခံပါကြောင်း** ဆွေးနွေးသည်။

ဝင်ငွေနည်းပြည်သူများ ဆေးကုသခွင့်

ယင်းနောက် လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်က ဆွေးနွေးရာ **၁၉၄၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း နိုင်ငံတော်က နိုင်ငံသားများကို မွေးစမှ ကွယ်လွန်သည်အထိ အစစအရာရာ စောင့်ရှောက်မှုပေးသော မူဝါဒဖြင့် အခမဲ့ဆေးကုသခွင့်စနစ်ကို ကျင့်သုံးခဲ့ပါကြောင်း၊ ၁၉၈၈ ခုနှစ်နောက်ပိုင်း၌ စရိတ်မျှပေး ကျန်းမာရေးစနစ်ကိုကျင့်သုံးပြီး ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်နှင့် စေတနာရှင်များ၏ လူမှုကူညီရေး အလှူရှင်ဆေးရုံဆေးခန်းများ ဖွင့်လှစ်သည့်စနစ်ကို ကျင့်သုံးလာပါကြောင်း၊ သို့သော်လည်း အခြားပိုမိုလုံခြုံပြီး အာမခံချက်ရှိသည့် စနစ်တစ်ခုကို ရှာဖွေရန်အတွက် ယခုအဆိုကို တင်သွင်းလာခြင်းဖြစ်သည်ဟု ထင်မြင်ပါကြောင်း၊ အလုပ်မရှိသေးသူများ၊ အလုပ်ရှိပြီး ဝင်ငွေနည်းသူများအတွက် ဆေးကုသခွင့်အာမခံပေါ်လစီကို လစဉ် အရစ်ကျ ပေးသွင်းစေပြီး အလုပ်ရှင်နှင့် အစိုးရတို့က ထပ်ဆောင်းထည့်ဝင်ပေးခြင်းမှတစ်ဆင့် ကျန်းမာရေးစောင့်ရှောက်မှု ခံစားခွင့်ရရှိနိုင်ကြောင်း၊ ငွေကြေးထောက်ပံ့မှုပေးရာတွင် ဈေးကွက်ဆန်ဆန် ကာယကံရှင်က စတင်ထည့်ဝင်ငွေ၊ အလုပ်ရှင်နှင့်အစိုးရက ထပ်ဆောင်းပေးငွေတို့ကို ဈေးကွက်၌ တိုးပွားအောင်ပြုလုပ်၍ ဝင်ငွေနည်းသူအားလုံး အကျိုးဝင်ခံစားနိုင်မည့် အမျိုးသားကျန်းမာရေးအာမခံစနစ်တစ်ရပ် ထူထောင်သင့်ပါကြောင်းနှင့် ဒေါက်တာစိုင်းကျော်အုန်း၏ “ဝင်ငွေနည်းပြည်သူများ ဆေးကုသခွင့် အာမခံချက်ရှိ သော အမျိုးသား ကျန်းမာရေးစနစ်တစ်ခုထူထောင်ရန်” အဆိုကို ထောက်ခံပါကြောင်း** ဆွေးနွေးသည်။

စနစ်ကို အကောင်အထည်ဖော်

ယင်းအဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ဖြစ်သည့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ပြန်လည်ရှင်းလင်း ဆွေးနွေးရာ၌ နိုင်ငံတော်တွင် လူနေမှုအဆင့်အတန်း မြင့်မားလာသည်နှင့်အမျှ တိုးတက်ပြောင်းလဲလျက်ရှိသည့် ပြည်သူလူထု၏ တရားနည်းလမ်းကျ မျှော်မှန်းမှုများကို တုံ့ပြန်နိုင်စွမ်းရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်အား ဦးတည်ချက်များချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားကျန်းမာရေးမူဝါဒပါ **“ကျန်းမာရေး အသုံးစရိတ်ရန်ပုံငွေ ရှာဖွေရေးနည်းလမ်းသစ်များကို ဖော်ထုတ်ဆောင်ရွက်ကြရန်”**ဟူသည့် ပြဋ္ဌာန်းချက်တစ်ရပ်နှင့်အညီ ကျန်းမာရေးအသုံးစရိတ် ရှာဖွေရေးနည်းလမ်း အသွယ်သွယ်ကို ဖော်ထုတ်ဆောင်ရွက်ရာတွင် ငွေကြေးကုန်ကျမှုကြောင့် **ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်ပေါ်မှုကို ကာကွယ်ရန်နှင့် နိုင်ငံနှင့်အဝန်း ဆင်းရဲချမ်းသာမရွေး၊ လူမျိုးဘာသာမရွေး ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီစေရန်အတွက် တရားမျှတပြီး ခွင့်တူညီမျှမှုရှိကာ နိုင်ငံတော်၏ လူမှုစီးပွားရေးအခြေအနေနှင့် လိုက်လျောညီထွေမှုရှိသည့် ကျန်းမာရေးဘဏ္ဍာငွေဖြည့်တင်းမှု စနစ်တစ်ရပ်အဖြစ် ဆေးရုံများတွင် ဆေးပဒေသာပင်နှင့် စရိတ်မျှပေး ကျန်းမာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ**ပါကြောင်း။

ဆေးငွေပဒေသာပင်စိုက်ထူထားရှိခြင်းအား ဗဟိုအဆင့် ဆေးရုံကြီးများနှင့် တိုင်းဒေသကြီး/ပြည်နယ် ကျန်းမာရေးဦးစီးဌာနများလက်အောက်ရှိ ဆေးရုံများတွင် ငွေပဒေသာပင်များစိုက်ထူ၍ အထူးသဖြင့် ချို့တဲ့ဝင်ငွေနည်းလူနာများ ဆေးကုသရာတွင် ကျခံသုံးစွဲပေးလျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေနှင့် နိုင်ငံတစ်ဝန်း ဆေးရုံများတွင် **“ဤဆေးရုံသည် ဆင်းရဲနွမ်းပါးသူတို့ကို အခမဲ့ကုသပေးပါသည်။ ငွေကြေးအဆင်ပြေသူများအတွက် စရိတ်မျှပေးစနစ် ကျင့်သုံးသည်”**ဟု လမ်းညွှန်ပြီး ဆေးရုံတက်ရောက်လာသော လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက် ရှိပါကြောင်း။

မြို့နယ်အားလုံးတွင် ချို့တဲ့သူများ ဆေးကုသမှုခံယူနိုင်ရန် အခမဲ့ဆေးကုသပေးနိုင်သည့် စနစ်မျိုးဖြစ်သည့် ဆေးရုံ ဆေးပဒေသာပင်မှ ကျခံပေးခြင်း၊ တတ်နိုင်သော အလှူရှင်များမှ ကျခံပေးခြင်း၊ နိုင်ငံတော်နှင့် ပြည်တွင်း၊ ပြည်ပစေတနာရှင် အဖွဲ့အစည်းများမှ လှူဒါန်းထောက်ပံ့ပေးသည့် ဆေးဝါးများကို အခမဲ့ ထောက်ပံ့ပေးခြင်းနှင့် နိုင်ငံတော်မှဖွင့်လှစ်ပေးထားသည့် ဆေးရုံများတွင် လူတိုင်းအတွက် အခမဲ့ဝန်ဆောင်မှု ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❖

စက်ခလုတ်နှိပ်
ဖွင့်လှစ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး မဏိရတနာကျောက်စိမ်းခန်းမကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့် မဏိရတနာကျောက်စိမ်းခန်းမ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်

နေပြည်တော် မတ် ၁၀

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့် မဏိရတနာ ကျောက်စိမ်းခန်းမ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး တက်ရောက်၍ အားပေးချီးမြှင့်သည်။

ဖွင့်ပွဲအခမ်းအနားသို့ စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦး၊ စစ်ထောက်ချုပ် ဗိုလ်ချုပ်ဝေလွင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မောင်မောင်အေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီဝင်များ၊ ပြပွဲဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးတေဇနှင့် အလုပ်အမှုဆောင်များ၊ ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးနှင့် ထိုင်းနိုင်ငံသံရုံးတို့မှ စီးပွားရေးသံမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေး ဗဟိုကော်မတီ နာယက အဖွဲ့ဝင်များဖြစ်ကြသော နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မောင်မောင်အေး၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်နှင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးတေဇတို့က (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးက မဏိရတနာကျောက်စိမ်းခန်းမကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ခန်းမ ပထမထပ်၌ ကျောက်မျက်ရတနာများနှင့် ကျောက်စိမ်းများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှု အားပေးသည်။

ယင်းနောက် အတွင်းရေးမှူး(၁) နှင့် အဖွဲ့ဝင်များသည် မြန်မာ့ကျောက်မျက်ရတနာပြပွဲများ၊ ၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✻

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး မဏိရတနာကျောက်စိမ်းခန်းမ ပထမထပ်၌ ကျောက်မျက်ရတနာများနှင့် ကျောက်စိမ်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

❖ **စာမျက်နှာ ၅ မှ**

ငွေကြေးတတ်နိုင်သူများကိုပင်လျှင် ကျန်းမာရေးဝန်ဆောင်မှုများကို အခမဲ့ဆောင်ရွက်ပေးပြီး ရောဂါရှာဖွေရေးနှင့် ဆေးဝါးစရိတ်အချို့အတွက်သာ ကျခံစေသော စရိတ်မျှပေးစနစ်ကို ကျင့်သုံးခြင်းဖြင့် ဆေးကုသမှုခံယူရာတွင် ငွေကြေးကုန်ကျမှု ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထူးခြားအောင်မြင်စွာ ဆောင်ရွက်လျက်ရှိ

၂၀၀၅ ခုနှစ်နောက်ပိုင်း မှတ်တမ်းများအရ အိမ်နီးနားချင်း နိုင်ငံများဖြစ်သော ထိုင်းနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံတို့၌ ကျန်းမာရေးစောင့်ရှောက်မှု ခံယူရာတွင် စုစုပေါင်းကျန်းမာရေးအသုံးစရိတ်၏ (၆၇) ရာခိုင်နှုန်းကို မိမိကိုယ်ပိုင်ငွေဖြင့် ကျခံရသည်ကို တွေ့ရှိရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုခံယူရာတွင် ငွေကြေးမတတ်နိုင်သူများအတွက် အခမဲ့ကျန်းမာရေးဝန်ဆောင်မှုအပြင် ဆေးဝါးနှင့် အခြားစရိတ်များကိုပါ အခမဲ့ဆောင်ရွက်ပေးနေခြင်း၊ ငွေပဒေသာပင်များ စိုက်ထူ၍ လိုအပ်သည့် ပံ့ပိုးကူညီမှုများပေးခြင်း၊ ငွေကြေးတတ်နိုင်သူများ အတွက်ကိုပင်လျှင် ကျန်းမာရေးဝန်ဆောင်မှုကို အခမဲ့ဆောင်ရွက်ပေး၍ အခြားကုန်ကျစရိတ်များ အတွက်ကိုသာ စရိတ်မျှပေးစနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ **မြန်မာနိုင်ငံအနေဖြင့် အထူးကုဆရာဝန်များအပါအဝင် ကျန်းမာရေးဝန်ထမ်းများက ကျေးလက်ဒေသအောက်ခြေအထိ ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သွားရောဂါလူနာများ၊ အထွေထွေကုသရန်လူနာများ၊ ခွဲစိတ်ကုသရန်လူနာများ စသည်တို့ကို နယ်မြေအနှံ့ အခါအားလျော်စွာ ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိပါကြောင်း၊ ထို့အပြင် မျက်စိရောဂါနှင့် ပတ်သက်၍ ကျေးလက်ဒေသအရောက် မျက်စိအထူးကုဆရာဝန်များမှ ကွင်းဆင်းကာလိုအပ်သည့် လူနာများအား အခမဲ့မျက်မှန်များထောက်ပံ့ပေးခြင်း၊ မျက်စိခွဲစိတ်ကုသခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်း၊ ကျောက်ကပ်အစားထိုး၊ အသည်းအစားထိုးကုသမှုများ တာဝန်ယူဆောင်ရွက်ပေးနေခြင်း အစရှိသည်တို့ကို အရှေ့တောင်အာရှနိုင်ငံများတွင် မြန်မာနိုင်ငံအနေဖြင့် ထူးခြားအောင်မြင်စွာဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။**

သို့ဖြစ်၍ ဝင်ငွေနည်းပြည်သူများအတွက် လိုအပ်သော ဆေးကုသနိုင်ခွင့်ရရှိရေးအတွက် နိုင်ငံတော်မှ ထိရောက်စွာ ဆောင်ရွက်ပေးနေပါသဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးမှ အဆိုကို ပြန်လည်ရုပ်သိမ်းပေးပါရန် မေတ္တာရပ်ခံအပ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌက နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်း၏ အဆိုအပေါ် ဆွေးနွေးသူ သုံးဦးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးတို့က ပြည့်စုံစွာ ရှင်းလင်းဆွေးနွေးပြီး ဖြစ်ပါကြောင်း၊ ၎င်းဆွေးနွေးချက်များအပေါ် ဒေါက်တာစိုင်းကျော်အုန်း၏ သဘောထားကိုသိလိုပါကြောင်း မေးမြန်းရာ ဒေါက်တာစိုင်းကျော်အုန်းက **ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ အသေးစိတ်ရှင်းလင်းဆွေးနွေးချက်များအရ ဝင်ငွေနည်း ပြည်သူများအတွက် လိုအပ်သောဆေးကုသနိုင်ခွင့်ရရှိရေးတို့ကို နိုင်ငံတော်မှ ထိရောက်စွာဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ငွေကြေးမတတ်နိုင်သူများအတွက် အခမဲ့ကျန်းမာရေးဝန်ဆောင်မှုအပြင် ဆေးဝါးနှင့် အခြားစရိတ်များကိုပါ အခမဲ့ဆောင်ရွက်ပေးနေခြင်း၊ ငွေပဒေသာပင်များစိုက်ထူ၍ လိုအပ်သည့် ပံ့ပိုးကူညီမှုများပေးခြင်း၊ ငွေကြေးတတ်နိုင်သူများအတွက်ကိုပင်လျှင် ကျန်းမာရေးဝန်ဆောင်မှုကို အခမဲ့ဆောင်ရွက်ပေး၍ အခြားကုန်ကျစရိတ်များအတွက်ကိုသာ စရိတ်မျှပေးစနစ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း တွေ့ရှိရသည့်အတွက် မိမိ၏အဆိုကို ပြန်လည်ရုပ်သိမ်းလိုပါကြောင်း** တင်ပြသည်။

ယင်းသို့ ကာယကံရှင်က မိမိ၏အဆိုကို ပြန်လည်ရုပ်သိမ်းလိုကြောင်း တင်ပြခြင်းအပေါ် လွှတ်တော်က သဘောတူသည့်အတွက် နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်း၏ **"ဝင်ငွေနည်းပြည်သူများအတွက် ဆေးကုသခွင့် အာမခံချက်ရှိသော အမျိုးသားကျန်းမာရေးစနစ်တစ်ခု ထူထောင်ရန်"** အဆိုကို ရုပ်သိမ်းခွင့်ပြုကြောင်း ကြေညာသည်။

ထို့နောက် အစီအစဉ်အရ ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်းက **"ချင်းပြည်နယ်တွင် လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့အောင် ပြည်ထောင်စုအစိုးရက ဆောင်ရွက်ပေးရေး"**အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို ပလက်ဝမဲဆန္ဒနယ်မှ ဦးပိုက်လင်းက ထောက်ခံပါကြောင်းနှင့် လွှတ်တော်က လက်ခံဆွေးနွေးသင့်ပါကြောင်း တင်ပြသည်။

ယင်းနောက် ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်၊ မသင့် ပြည်သူ့လွှတ်တော်၏ ဆန္ဒကိုရယူရာ လွှတ်တော်က သဘောတူသည့်အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

အဆိုကို ပြန်လည်ရုပ်သိမ်း

ဟားခါးမဲဆန္ဒနယ်မှ ဦးငွန်မောင်းတင်သွင်းသည့်အဆိုကို ၂၀၁၁ ခုနှစ် မတ်လ ၁၁ရက်(သောကြာနေ့) ပြည်သူ့လွှတ်တော် အစည်းအဝေး အဌမနေ့တွင် ဆွေးနွေးမည်ဖြစ်သည်။ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယနေ့ညနေပိုင်းတွင် ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်(ခ) ဦးခင်မောင်ရည်က **"ချင်းပြည်နယ်ရှိ အိန္ဒိယနယ်စပ်အထိ ဖောက်လုပ်ဆဲဖြစ်သော လမ်းမကြီးကို ဆောလျင်စွာ ပြီးမြောက်နိုင်ရေး စဉ်းစားပေးပါရန်"** အဆိုကို တင်သွင်းရန်ဖြစ်သော်လည်း ကာယကံရှင်က မိမိတင်သွင်းမည့်အဆိုသည် မိမိရှေ့က ဦးငွန်မောင်း တင်သွင်းသွားသော အဆိုနှင့် တစ်သဘောတည်း ဆက်စပ်နေသည့်အတွက် မိမိ၏အဆိုကို မတင်သွင်းလိုတော့ပါကြောင်းနှင့် အဆိုကိုပြန်လည်ရုပ်သိမ်းပါကြောင်း တင်ပြသည်။

အစည်းအဝေး သတ္တမနေ့ကို ရပ်နား

ဦးခိုင်မောင်ရည်(ခ) ဦးခင်မောင်ရည်၏ အဆို ပြန်လည်ရုပ်သိမ်းမှုကို လွှတ်တော်က သဘောတူသည့်အတွက် အဆိုကို ပြန်လည်ရုပ်သိမ်းကြောင်း ဆုံးဖြတ်အတည်ပြုသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားကြောင်းနှင့် ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး အဌမနေ့ကို မတ်လ ၁၁ ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို မွန်းလွဲ ၂ နာရီခွဲတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

✻စာမျက်နှာ ၆ မှ

နေပြည်တော်၌ ပထမအကြိမ် အောင်မြင်စွာ ကျင်းပခဲ့မှု ဗီဒီယိုမှတ်တမ်း၊ ကျောက်မျက်ရတနာပြတိုက်၊ကျောက်စိမ်းဥယျာဉ်နှင့် မဏိရတနာကျောက်စိမ်းခန်းမ တည်ဆောက်ခဲ့မှု ဗီဒီယိုမှတ်တမ်း ပြသမှုများကို ကြည့်ရှုကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း၏ ကျောက်မျက် အရောင်းဆိုင်များမှ လက်ဝတ်ရတနာများကိုမြန်မာအမျိုးသမီးငယ်များက ရိုးရာယဉ်ကျေးမှုနှင့် အညီ ဝတ်စားဆင်ယင်၍ ပြသမှုကို ကြည့်ရှုကြပြီး နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားကြသည်။

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ် ၁၀ ရက်မှ ၂၂ ရက်အထိ နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာ ကျောက်စိမ်းခန်းမ၌ ခင်းကျင်းပြသ ရောင်းချသွားမည် ဖြစ်သည်။

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြည်တွင်းကျောက်မျက်ရတနာကုမ္ပဏီပေါင်း ၅၀၀ ကျော်ပါဝင်ပြသမည်ဖြစ်ပြီး နိုင်ငံပေါင်း ၂၀မှ နိုင်ငံခြားသား ရတနာကုန်သည် ၅၀၀၀ ကျော်ကို ဖိတ်ကြားထားပြီး နိုင်ငံခြားသား ရတနာကုန်သည် ၄၀၀၀ခန့်နှင့် ပြည်တွင်းရတနာကုန်သည် ၃၀၀၀ ကျော် တက်ရောက်ကြမည်ဟု သိရှိရသည်။ ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များ၏ တည်းခိုနေထိုင်ရေး၊ စားသောက်ရေး၊ သွားလာရေး၊ အင်တာနက်ဆက်သွယ်ရေး အဆင်ပြေလွယ်ကူစေရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားပြီး ဖြစ်သည်။

တည်ဆောက်ခဲ့

ယနေ့ဖွင့်လှစ်သည့် မဏိရတနာ ကျောက်စိမ်းခန်းမတည်ရှိသည့် မြေဧရိယာအကျယ်အဝန်းမှာ ၂၁ ဒသမ ၄၂ ဧကရှိပြီး ခန်းမသည် အလျားပေ ၁၅၂၀၊ အနံပေ ၆၂၀ ရှိသည်။ ပင်မအဆောက်အအုံသည် 3 Storeyed RC & Steel Structure Building အမျိုးအစားဖြစ်ပြီး အလျားပေ ၅၅၀၊ အနံပေ ၄၆၀၊ အမြင့်ပေ ၁၁၀ ရှိသည်။ မြေအောက်ထပ်၊ မြေညီထပ်၊ ပထမထပ် သုံးခုပေါင်း၏ ကြမ်းခင်းဧရိယာမှာ ၂၃၉၄၂၅ စတုရန်းပေရှိသည်။ အဆိုပါ ပင်မအဆောက်အအုံကို ထူးထရေးဒင်းကုမ္ပဏီက တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ပင်မအဆောက်အအုံအတွင်း အခန်းဖွဲ့စည်းထားမှုအနေဖြင့် မြေအောက်ထပ်၌ ရုံးခန်း၊ မီးလုံအာမခံအခန်း၊ ဆေးခန်း၊ စားသောက်ဆိုင်ခန်း၊ စားဖိုဆောင်၊ ဝန်ထမ်းနားနေခန်းတို့ပါဝင်ပြီး မြေညီထပ်၌ ဧည့်ကြိုခန်း၊ ပြပွဲခန်းမ၊ ရုံးခန်း၊ ကွန်ပျူတာခန်း၊ စာချုပ်ချုပ်ဆိုခန်းတို့ ပါဝင်သည်။ ပထမထပ်တွင် အစည်းအဝေးခန်းမ၊ အထူးဧည့်သည်တော် နားနေခန်း၊ ကျောက်စိမ်းခင်းကျင်းရန် နေရာ၊ ကျောက်မျက်ခင်းကျင်းရန် နေရာနှင့် ပုလဲခင်းကျင်းရန်နေရာများ ပါဝင်သည်။

ယခုကျင်းပမည့် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသည် နေပြည်တော်၌ ဒုတိယအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် မတ် ၁၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် သမဝါယမ ဝန်ကြီးဌာန သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကိုအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

(၄၈) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေး ဗဟိုကော်မတီ နာယကအဖွဲ့ဝင်များဖြစ်ကြသော တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ ဝန်ကြီး ဦးအုန်းမြင့်၊ ဝန်ကြီး ဦးသိန်းညွန့်၊ ဝန်ကြီး ဦးခင်မောင်မြင့်နှင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတေဇတို့ (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

နေပြည်တော်၌ ဒုတိယအကြိမ်ကျင်းပသည့် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စတင်ကျင်းပ

နေပြည်တော် မတ် ၁၀

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီကကြီးမှူးကျင်းပသော (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာကျောက်စိမ်းခန်းမ၌ ယနေ့မှစ၍ မတ် ၂၂ရက်အထိ တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချသွားမည်ဖြစ်သည်။

တင်ဒါစနစ်ဖြင့် ရောင်းချမည့် ပုလဲအတွဲပေါင်း ၂၂၅ တွဲနှင့် ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည့် ပုလဲအတွဲပေါင်း ၃၀ တွဲ စုစုပေါင်း ပုလဲအတွဲပေါင်း ၂၅၅တွဲကို မတ် ၁၁ ရက်မှ ၁၂ရက်အထိ လည်းကောင်း၊ တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်မျက်အတွဲပေါင်း ၁၅၆ တွဲနှင့် ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည့် ကျောက်မျက် အတွဲပေါင်း ၅၀ တွဲ စုစုပေါင်းကျောက်မျက်အတွဲပေါင်း ၂၀၆ တွဲကို မတ် ၁၃ ရက်တွင် လည်းကောင်း၊ တင်ဒါစနစ်ဖြင့်ရောင်းချမည့် ကျောက်စိမ်းအတွဲပေါင်း ၁၆၆၀၁ တွဲနှင့် ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲပေါင်း ၃၂၅ တွဲ စုစုပေါင်း ကျောက်စိမ်းအတွဲပေါင်း ၁၆၉၂၆ တွဲကို မတ် ၁၄ ရက်မှ ၂၂ ရက်အထိလည်းကောင်း မဏိရတနာကျောက်စိမ်းခန်းမ၌ ရောင်းချသွားမည်ဖြစ်သည်။

အဆိုပါ (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်တွင်းရတနာကုမ္ပဏီ ၅၀၀ ကျော်မှ ပြည်တွင်းရတနာကုန်သည် ၃၀၀၀ ကျော်နှင့် နိုင်ငံပေါင်း ၂၀မှ နိုင်ငံခြားသား ရတနာကုန်သည် ၄၀၀၀ခန့် စုစုပေါင်း ပြည်တွင်းပြည်ပ ရတနာကုန်သည် ၇၀၀၀ကျော်တို့သည် ယနေ့နံနက် စနာရီခွဲမှ ညနေ ၅နာရီအထိ ပုလဲအတွဲများ၊ ကျောက်မျက်အတွဲများနှင့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာကြရာ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ပြပွဲဗဟိုကော်မတီဝင်များက လိုက်လံ၍ လိုအပ်ချက်များကို ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

နေပြည်တော်၌ ဒုတိယအကြိမ် ကျင်းပသည့် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်ရန် ပြည်တွင်းပြည်ပ ရတနာကုမ္ပဏီများမှ ရတနာကုန်သည်များ ထပ်မံရောက်ရှိလာဦးမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များ ကျောက်မျက်အတွဲများနှင့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာကြစဉ်။

(ယာပုံနှင့်အောက်ပုံ) (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၁-၃-၂၀၁၁ (သောကြာနေ့)

[၁၃၇၂ခုနှစ်၊ တပေါင်းလဆန်း(၇)ရက်၊ အဖိတ်နေ့]

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇:၄၅ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈:၀၅ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈:၁၅ ၈။ အကပြိုင်ပွဲ
- ၈:၂၀ ၉။ "နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ"
- ၈:၃၀ ၁၀။ (၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၄၀ ၁၁။ International News
- ၈:၄၅ ၁၂။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၀၅ ၂။ တေးဂီတအစီအစဉ်
- ၄:၁၅ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄:၂၅ ၄။ တပ်မတော်နေ့ဂုဏ်ပြု တေးသီးချင်းပြိုင်ပွဲဆုရတေးများ
- ၄:၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ- ဒုတိယနှစ် (ဓာတုဗေဒအထူးပြုများ) (ဓာတုဗေဒ)
- ၄:၅၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၅၅ ၇။ နှောင်းခေတ်တေးပဒေသာ
- ၅:၁၀ ၈။ မြန်မာစာ၊ မြန်မာစကား
- ၅:၂၅ ၉။ (၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၅:၃၅ ၁၀။ "ရိုးသားဖြူစင်ကလေးတို့အသွင်"
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ ရသစုံလင်အင်တာနက်ဥယျာဉ်
- ၇:၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ဒုတိယတွဲ) (အပိုင်း-၁၇)**
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ "လျှပ်တစ်ပြက်ဟာသများ"
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ထူးခြားသောမိသားစု" (အပိုင်း-၁)**
- ၂၀။ သီချင်းချစ်သူ (အိမ့်ချစ်)
- ၂၁။ အစီအစဉ်ပြီး၏။

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၁၁ ခုနှစ် မတ်လအတွက်

(၁၃-၃-၂၀၁၁)ရက်နေ့ နှင့် (၂၇-၃-၂၀၁၁) ရက်နေ့

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် မတ် ၁၀

ဦးမိုးအောင် (မန်နေဂျာ၊ အင်ဂျင်နီယာ၊ မြန်မာ့သစ်လုပ်ငန်း၊ မင်းကွန်းအလုပ်ရုံ)သည် ကစားဖော် ဦးသိန်းထွန်း၊ ဦးခင်မောင်ညွန့်၊ ဦးချစ်ဝင်း၊ ဦးဝင်းဗိုလ်တို့နှင့်အတူ မတ် ၂ရက် နံနက်ပိုင်းတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရေတံခွန်တောင်ဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် SRIXON -1 ဂေါက်သီးအား Tay Lor Made Iron.4 ဂေါက်တံဖြင့် ရိုက်လိုက်ရာ ကိုက် ၂၀၀ အကွာရှိ ကျင်းအမှတ် (၈)သို့ တစ်ချက်တည်း ကျင်းဝင်သွားကြောင်း သိရှိရသည်။

(သတင်းစဉ်)

* ကျောဖုံးမှ

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်သည် လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားလူမှုစီးပွားရေးအရ အရေးကြီးသောဒေသများဖြစ်သဖြင့် အိမ်နီးချင်းနိုင်ငံအချို့တို့၏ ကမ်းရိုးတန်းဒေသများကဲ့သို့ ဒီရေတား တာတမံအရှည်ကြီးများ တည်ဆောက်ပြီး ကာကွယ်ပေးရန် အစီအစဉ် ရှိ၊ မရှိ ဖြေကြားပေးစေလိုကြောင်းဖြင့် မေးမြန်းသည်။

ထို့နောက် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစံထွန်းက ကချင်ပြည်နယ် ဗန်းမော်ခရိုင် ရွှေကူမြို့နယ် ပေါင်းနက်ရေလှောင်တမံလုပ်ငန်းကို (၁၀)နှစ်စီမံကိန်းချပြီး ကချင်ပြည်နယ်ဆည်မြောင်းဦးစီးဌာနအနေဖြင့် ၂၀၀၂-၂၀၀၃ ဘဏ္ဍာရေးနှစ်မှစ၍ လုပ်ငန်းဆောင်ရွက်လျက်ရှိပြီး ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အထိ နှစ်စဉ်ဆောင်ရွက်ခဲ့ရာ (၇)နှစ်ကျော်ကြာခဲ့ပြီဖြစ်သော်လည်း လုပ်ငန်းပြီးစီးမှုမှာ (၂၄ဒသမ ၁၃) ရာခိုင်နှုန်းသာရှိကြောင်း သိရှိရပါကြောင်း၊ ပေါင်းနက်ဆည်လုပ်ငန်းအား ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံအား ဖြေကြားပေးပါရန် မေးမြန်းသည်။

တွင်ကျယ်စွာအသုံးပြုနိုင်

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုးက ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် စိုက်ပျိုးရေးအခြေခံနိုင်ငံဖြစ်ပြီး စိုက်ပျိုးမြေဧရိယာပမာဏများစွာရှိသော နိုင်ငံတော်ကြီး ဖြစ်ပါကြောင်း၊ မြေလွတ်မြေရိုင်းများကို စိုက်ပျိုးမြေများအဖြစ် တိုးချဲ့ဖော်ထုတ်သည့်နည်းတူ မြေဆီသြဇာ ကြွယ်ဝသည့်ဒေသများတွင် ရှိနှင့်ပြီးဖြစ်သောလယ်ယာမြေများကို တစ်ကွင်းတည်းတစ်စပ်တည်း ပေါင်းစည်း လယ်ယာများအဖြစ်သို့ ပြောင်းလဲပြီး စက်မှုလယ်ယာကဏ္ဍကို ပီပီပြင်ပြင် ပြောင်းလဲနိုင်မှသာလျှင် မြေယာပြုပြင်ခြင်းဆိုင်ရာ၊ စိုက်ပျိုးရေးဆိုင်ရာ၊ ရိတ်သိမ်းခြင်းဆိုင်ရာ စက်ယန္တရားကြီးများကို တွင်ကျယ်စွာအသုံးပြုနိုင်မည်ဖြစ်ပါကြောင်း။

ထိုသို့ဖော်ထုတ်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ အခန်း(၁)၊ ပုဒ်မ ၂၃၊ ပုဒ်မခွဲ(က)အရ တောင်သူလယ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည်နှင့်အညီ စီးပွားရေး လုပ်ငန်းရှင်ကြီးများ၏ လုပ်ငန်းချဲ့ထွင်မှုစနစ်မကျန၍ တောင်သူလယ်သမားများ၏ လက်ငုတ်လက်ရင်းတို့ ပျောက်ပျက်ပြီး မြေမဲ့ယာမဲ့ဘဝသို့ ရောက်ရှိစေမည့်အရေးကိုလည်း ကာကွယ်ပေးရန်လိုအပ်ပါကြောင်း၊ ထို့အပြင် တောင်သူလယ်သမားများ၏ မြေယာပိုင်ဆိုင်မှုကို မပျောက်ပျက်စေဘဲ၊လယ်လုပ်သူလယ်ပိုင်ခွင့်ကိုလည်းမပျောက်ပျက်စေဘဲ ယင်းတို့၏ လယ်ယာများကို ကာလရှည်စာချုပ်ငှားရမ်းပြီးလယ်လုပ်သူများကိုလည်း စက်မှုလယ်ယာ လုပ်သားများအဖြစ် ပြောင်းလဲဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ရှိနှင့်ပြီးသား မိသားစုလယ်ယာများကိုလည်း စက်မှုလယ်ယာကဏ္ဍသို့ တိုးမြှင့်ပြီးတစ်ကွင်းတည်း တစ်စပ်တည်းသော လယ်ယာများ၊ စိုက်ခင်းများအဖြစ်ပြောင်းလဲဖော်ဆောင်ရန်လိုအပ်ပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်စေရန်နှင့် ပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ စီးဝင်လာအောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း။

တည်ဆောက်ပေးထား

သို့မှသာ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)၊ ပုဒ်မ ၂၃၊ ပုဒ်မခွဲ (ခ)နှင့်အညီ စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ၏တန်ဖိုးကို မြှင့်တင်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ အဆိုပါ တစ်ကွင်းတည်းတစ်စပ်တည်း စိုက်ပျိုးမြေများကို ဖော်ထုတ်နိုင်ရေးအတွက် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များနှင့် တောင်သူလယ်သမားများအကြား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဦးဆောင်ညှိနှိုင်းတာဝန်ယူ ဆောင်ရွက်ကာ မြန်မာ့စီးပွားရေးကို မြှင့်တင်ပေးနိုင်ခြင်း ရှိ၊ မရှိ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များမှ ဖြေကြားပေးစေလိုကြောင်းဖြင့် မေးမြန်းသည်။

အထက်ပါ လွှတ်တော်ကိုယ်စားလှယ်(၃)ဦး၏ မေးခွန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ဖြစ်သည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးက ပြန်လည်ဖြေကြားသည်။ ရှေးဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ်၏ မေးခွန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းဖြေကြားရာ၌ ပင်လယ်ကမ်းခြေဒေသများတွင်သီးနှံများအောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ရေငန်ဝင်ရောက်ခြင်းမှကာကွယ်ရန် ရေငန်တား တာတမံများကို နိုင်ငံတော်က တည်ဆောက်ပေးထားပါကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် (၁၄)ခု၊ (၅၄ဒသမ၃၁)မိုင်၊ မွန်ပြည်နယ်တွင် (၁၈)ခု၊ (၅၀ဒသမ၆၃)မိုင်၊ ရခိုင်ပြည်နယ်တွင်(၃၂)ခု၊(၂၀၇ ဒသမ၈၉)မိုင်၊ ရန်ကုန်တိုင်းဒေသကြီးတွင် (၂၃)ခု၊ (၂၃၉ ဒသမ ၅၅)မိုင်၊ ဧရာဝတီတိုင်းဒေသကြီးတွင် (၂၄)ခု၊ (၆၁၁ဒသမ ၇၇) မိုင် စုစုပေါင်းတာတမံ (၁၁၁)ခု၊ အလျား (၁၁၆၄ ဒသမ ၁၅)မိုင် တည်ဆောက်ထားပါကြောင်း။

တာတမံများတည်ဆောက်

ထိုသို့ တာတမံများတည်ဆောက်ရာတွင် နယ်မြေအခြေအနေအရ စနစ်တကျ ဒီဇိုင်းပုံစံထုတ်ပြီး အပိုင်းလိုက် တည်ဆောက်ခြင်းဖြစ်ပါကြောင်း၊ ၎င်းရေငန်တား တာတမံများမှာ ပုံမှန်အခြေအနေတွင် ရေငန်ဝင်ရောက်မှုကို တားဆီးနိုင်သော်လည်း ထူးခြားသော သဘာဝဘေးအန္တရာယ်များ ကျရောက်သည့်အခါတွင် ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပါကြောင်း၊ ထိုကဲ့သို့ တာတမံများ ထိခိုက်ပျက်စီးခဲ့ပါက ချက်ချင်းပြုပြင်နိုင်ရေးအတွက် နိုင်ငံတော်က စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နာဂစ်မုန်တိုင်းဒဏ်ကြောင့် ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း တာတမံ(၃၁)ခု၊(၄၈၅ ဒသမ ၃၁) မိုင် ထိခိုက်ပျက်စီးခဲ့ရာ အချိန်မီ သီးနှံစိုက်ပျိုးနိုင်ရေးအတွက် အရေးပေါ်ပြင်ဆင်ခြင်းလုပ်ငန်းများကို အချိန်မီ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ အခိုင်အမာပြန်လည် ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ (၆၃)ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ပါကြောင်း။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဦးခင်မောင်လတ် မေးမြန်းစဉ်။ (သတင်းစဉ်)

ဂီရိမုန်တိုင်းဒဏ်

အလားတူ ဂီရိမုန်တိုင်းဒဏ်ကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ ရေငန်တား တာတမံအချို့ ထိခိုက်ပျက်စီးခဲ့ရာ ပြုပြင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောက်ဖြူမြို့နယ် လေပွေ့တာကျိုးပေါက်မှု (၇)နေရာ အလျား(၁၀၇၅၅)ပေခန့် ပျက်စီးခြင်းကို ပြင်ဆင်လျက်ရှိရာ (၆၃)ရာခိုင်နှုန်း ပြီးစီးပြီ ဖြစ်ပါကြောင်း၊ မြေပုံမြို့နယ် ငမန်းရဲကျွန်းတာတွင် (၂)နေရာ ကျိုးပေါက်ခြင်းနှင့် ရေကျော်တိုက်စားပျက်စီးခြင်း စုစုပေါင်း အလျား(၄၅၈၆၀)ပေခန့်ကို ပြင်ဆင်လျက်ရှိရာ (၇၀)ရာခိုင်နှုန်း ပြီးစီးပြီးဖြစ်ပါကြောင်း၊ မြေပုံမြို့နယ် ကျွန်းသာယာ တာတမံတွင် ကျိုးပေါက်မှုနေရာ(၅၀)နှင့် ရေကျော်တိုက်စားမှု စုစုပေါင်း အလျား (၃၄၀၀)ပေခန့်ကို ပြင်ဆင်လျက်ရှိရာ (၁၀၀)ရာခိုင်နှုန်း ပြီးစီးပြီးဖြစ်ပါကြောင်း၊ မြေပုံမြို့ ပင်ခါးတာတမံတွင် ကျိုးပေါက်မှု (၁၀)နေရာ အလျား (၃၅၈၅)ပေခန့် ပျက်စီးခြင်းကို ပြင်ဆင်ခဲ့ရာ (၁၀၀) ရာခိုင်နှုန်းပြီးစီးပြီးဖြစ်ပါကြောင်း၊ အမ်းမြို့နယ် ဆနွင်းကျွန်း တာတမံတွင် (၁၅)နေရာခန့် ကျိုးပေါက်မှု ဖြစ်ပွားခြင်း၊ ကျန်နေရာများ ရေကျော်တိုက်စားမှု ဖြစ်ပွားခြင်း၊ ချောင်း(၄)ချောင်း ကျိုးပေါက်မှုဖြစ်ပွားခြင်း၊ စုစုပေါင်းအလျား (၁၀၄၅၀)ပေခန့် ပျက်စီးခြင်းကို ပြင်ဆင်လျက်ရှိရာ (၅၄)ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါကြောင်း။

ပေါက်တောမြို့နယ် သစ်ပုတ်ချောင်း ဇောက်တာ (၂)နေရာ အလျား (၄၁၅)ပေခန့် ပျက်စီးခြင်းကို ရာနှုန်းပြည့် ပြင်ဆင်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ပေါက်တောမြို့နယ် ကံချောင်းပြွန်ခေါင် (မြောက်) တာတွင် (၁)နေရာ အလျား ပေ(၅၀)ခန့် ကျိုးပေါက်ခြင်းကို ရာနှုန်းပြည့် ပြင်ဆင်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ပေါက်တောမြို့နယ် ကံချောင်းပြွန်ခေါင် (တောင်) တာ (၂)နေရာ အလျား (၈၅)ပေခန့် ကျိုးပေါက်ခြင်းကို ရာနှုန်းပြည့် ပြင်ဆင်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ပေါက်တောမြို့နယ် ပုဏ္ဏားကြီးတာတွင် (၂)နေရာ အလျား (၈၅) ပေခန့် ကျိုးပေါက်ခြင်းကို ရာနှုန်းပြည့် ပြင်ဆင်ဆောင်ရွက်ပြီး ဖြစ်ပါကြောင်း၊ ပေါက်တောမြို့နယ် အလယ်ကျွန်းတာတွင် (၁)နေရာ အလျား (၃၅)ပေခန့် ကျိုးပေါက်ခြင်းကို ရာနှုန်းပြည့် ပြင်ဆင်ဆောင်ရွက်ပြီး ဖြစ်ပါကြောင်း၊ ပေါက်တောမြို့နယ် ဆင်ပိုက်တာတွင် (၁)နေရာ အလျား (၂၅)ပေခန့် ကျိုးပေါက်ခြင်းကို ရာနှုန်းပြည့် ပြင်ဆင်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ရမ်းဗြဲမြို့နယ် ဒေါရထတာတွင် (၆၇)နေရာ ကျိုးပေါက်ခြင်း၊ ရေကျော်တိုက်စားမှုဖြစ်ပွားခြင်း အလျား (၄၅၈၀)ပေခန့်နှင့် ရေတံခါး (၁)လုံး ပျက်စီးခြင်းကို ပြင်ဆင်လျက်ရှိရာ (၃၃) ရာခိုင်နှုန်း ပြီးစီးပြီးဖြစ်ပါကြောင်း၊ ရသေ့တောင်မြို့နယ် ကျီးကျွန်းတာတွင် ရေကျော်တိုက်စားမှုဖြစ်ပွားခြင်း အလျား (၃၄၅၀)ပေကို ပြင်ဆင်လျက်ရှိရာ (၅၈)ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပြီး အချိန်မီစိုက်ပျိုးနိုင်ရေးကို အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း။

အကူအညီများပေးလျက်ရှိ

အချို့သောကမ်းခြေဒေသများတွင် မြေပေါ်ထွန်းလာမှု အခြေအနေအရ စိုက်ပျိုးမြေသစ်များ တိုးတက်ရရှိစေရေးအတွက် တာတမံသစ်များကို တည်ဆောက်ပေးလျက်ရှိပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ပိုက်စီး မရမ်းကမ်းပတ်တာကို တည်ဆောက်ပေးနိုင်သည့်အတွက် စိုက်ပျိုးမြေအသစ် လယ်မြေ ဧက(၂၃၀၀)ခန့် ပေါ်ထွန်းလာမည်ဖြစ်ပါကြောင်း၊ ထို့အပြင် တောင်သူလယ်သမားများ အစီအစဉ်ဖြင့် ဆောင်ရွက်ထားသည့် လယ်သမားတာများ ပြန်လည်ပြုပြင်ရာတွင်လည်း ကျွမ်းကျင်မှုဆိုင်ရာ အကူအညီများ ပေးလျက်ရှိပြီး အခြေအနေပေးသည့်နေရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပါဝင်ကူညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအနေဖြင့် လယ်သမားတာများ ပြန်လည်ပြုပြင်ခြင်းကို အထောက်အကူပြုဆောင်ရွက်ပေးလျက်ရှိသည့်အပြင် နိုင်ငံတကာ အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ရေငန်တား တာတမံများအပြင် မြစ်ရေကြီးမှုကာကွယ်နိုင်ရေးအတွက် ရေဘေးကာကွယ်ရေးတာများကိုလည်း တည်ဆောက်ပေးထားပါကြောင်း၊ ကရင်ပြည်နယ်တွင် (၁ဒသမ၃၆)မိုင်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် (၃၅ဒသမ၉၆)မိုင်၊ ပဲခူးတိုင်းဒေသကြီးတွင် (၃၅၆ဒသမ၇၇)မိုင်၊ မန္တလေးတိုင်းဒေသကြီးတွင်(၂၇ဒသမ၂၇)မိုင်၊ ရန်ကုန်တိုင်းဒေသကြီးတွင် (၁၀၆ဒသမ၈၈)မိုင်နှင့် ဧရာဝတီတိုင်းဒေသကြီးတွင် (၇၂၉ ဒသမ ၇၉)မိုင် စုစုပေါင်း တာအရှည် (၁၂၅၈ဒသမ၀၃)မိုင် တည်ဆောက်ပေးထားပြီး ဖြစ်ပါကြောင်း။

ချက်ချင်းပြင်ဆင်နိုင်ရေးစီမံထားရှိ

၎င်းတာများ ချို့ယွင်းပျက်စီးမှုဖြစ်ပေါ်ပါက ချက်ချင်း ပြင်ဆင်နိုင်ရေးစီမံထားရှိပါကြောင်း၊ တာတမံများအားလုံး ကြံ့ခိုင်ရေးနှင့် ရေရှည်တောင့်တင်းခိုင်မာရေးအတွက် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းကို နှစ်စဉ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပိုမိုတိုးတက်ခိုင်မာရေးအတွက် အဆင့်မြှင့်တည်ဆောက်ခြင်းလုပ်ငန်းကို နယ်မြေအခြေအနေနှင့် ဘဏ္ဍာရေးအခြေအနေအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်ပြီး ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစံထွန်း၏ မေးခွန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြားရာ၌ ကချင်ပြည်နယ် ရွှေကူမြို့နယ် စီသောင်ကျေးရွာအနီး ပေါင်းနက်ချောင်းအားပိတ်၍ ရွှေကူမြို့နယ်အတွင်း စိုက်ပျိုးမြေဧရိယာ ဧက(၅၀၀၀)ကို မိုးစပါးအပြင် နွေစပါးနှင့် အခြားသီးနှံဧက (၂၀၀၀) အား ရေပေးဝေစိုက်ပျိုးနိုင်၍ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးကိုရည်ရွယ်ပြီး ပေါင်းနက်ရေလှောင်တမံ စီမံကိန်းအား ၂၀၀၂-၂၀၀၃ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ စီမံကိန်းတွင် အကြိုတည်ဆောက်ခြင်းလုပ်ငန်း၊ ပင်မတမံတည်ဆောက်ခြင်း လုပ်ငန်း၊ ရေထုတ်ပြွန် တည်ဆောက်ခြင်းလုပ်ငန်း၊ ရေပိုလွှဲ တည်ဆောက်ခြင်းလုပ်ငန်းနှင့် ရေသောက်စနစ် တည်ဆောက်ခြင်း လုပ်ငန်းများအား ဆောင်ရွက်ရမည်ဖြစ်ပြီး အရေးကြီးသည့်လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်မှ ဘဏ္ဍာငွေ ရရှိမှုအပေါ်မူတည်၍ လုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယနေ့အထိ စီမံကိန်းတစ်ခုလုံး၏ (၂၅ ဒသမ ၀၂) ရာခိုင်နှုန်း ပြီးစီးပြီ ဖြစ်ပါကြောင်း။

နိုင်ငံတော်မှ ဘဏ္ဍာငွေခွင့်ပြုမှုအပေါ်မူတည်၍ စီမံကိန်းအား ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

လယ်သမားတစ်ဦးကဧကနည်းနည်း

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ဉာဏစိုး၏ မေးခွန်းနှင့် စပ်လျဉ်း၍ ပြန်လည်ဖြေကြားရာ၌ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးမှုလုပ်ငန်းကို လုပ်ကွက်ငယ် တောင်သူလယ်သမား အများစုက လုပ်ကိုင်ဆောင်ရွက်နေကြခြင်းဖြစ်ပါကြောင်း၊ တောင်သူလယ်သမားအများစု၏ ပိုင်ဆိုင်မှုသည် (၃)ဧကနှင့် (၅)ဧကအထိသာရှိကြပါကြောင်း၊ အခြားသော ဖွံ့ဖြိုးဆဲနိုင်ငံများတွင်လည်း လယ်သမားတစ်ဦးချင်း၏ ပိုင်ဆိုင်မှုသည် (၃)ဧက ခန့်သာ ရှိပါကြောင်း၊ ဥပမာအားဖြင့် ဗီယက်နမ်နိုင်ငံ၏ လယ်သမားများ၏ တစ်ဦးချင်းပိုင်ဆိုင်မှုသည် (၃)ဧကခန့်သာရှိပါကြောင်း၊ လယ်သမားတစ်ဦးချင်းက ဧကအနည်းငယ်ကို ကြိုးကြိုးပမ်းပမ်း လုပ်ကိုင်ဆောင်ရွက်ခြင်းသည် သီးနှံအထွက်တိုးရေးကို အထောက်အကူဖြစ်စေပါကြောင်း၊ လယ်သမားတစ်ဦးအနေဖြင့် တစ်ဧကကို စိုက်ပျိုးရာတွင် စပါးတင်း (၁၀၀)ကျော်ထွက်ရှိအောင် စိုက်ပျိုးနိုင်သော်လည်း ယင်းလယ်သမားကပင် ဧက(၁၀၀)ကျော်ကို စိုက်ပျိုးမည်ဆိုလျှင် တစ်ဧကတင်း (၁၀၀)နှုန်းဖြင့် တင်း (၁၀၀၀၀)ကျော်ရရှိရန် အခက်အခဲများစွာဖြင့် ကြုံတွေ့ရမှာဖြစ်ပါကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးပညာရှင်များက သီးနှံအထွက်တိုးရေးအတွက် အပြည့်အဝ အာမခံနိုင်သည့် လယ်သမားတစ်ဦးက ဧကနည်းနည်းစိုက်ပျိုးမှုကို အားပေးထောက်ခံလျက်ရှိသည်ဆိုသည်ကို တွေ့ကြရမှာဖြစ်ပါကြောင်း။

ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးစံထွန်း မေးမြန်းစဉ်။ (သတင်းစဉ်)

လယ်သမားများ၏ဆန္ဒ

မြန်မာနိုင်ငံသည် ဆန်စပါးကိုအဓိကသီးနှံအဖြစ် အလေးထားစိုက်ပျိုးသည့်နိုင်ငံ ဖြစ်ပါကြောင်း၊ ဆန်စပါးစိုက်ပျိုးရာမှာ ညီညာသည့်မျက်နှာပြင်ရှိရမှာဖြစ်ပါကြောင်း၊ မြေညီညာရန်လိုသကဲ့သို့ တမန်း အထူအပါးလည်း ညီညာရန်လိုပါကြောင်း၊ သို့မှသာ သွင်းရေလည်း ညီညာမှာဖြစ်ပါကြောင်း၊ မြေညီညာအောင်၊ တမန်းညီညာအောင် တစ်ဆက်တစ်စပ်တည်းကျယ်ပြန့်စွာရှိနေသည့် လယ်မြေများကို ပြုပြင်ခြင်းထက် တစ်ဧက၊ နှစ်ဧကခန့် အကွက်များကို ညီညာအောင်ပြုပြင်ခြင်းကသာ လက်တွေ့တွင် ကုန်ကျစရိတ်သက်သာစွာဖြင့် အလွယ်တကူဆောင်ရွက်နိုင်သည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တောင်သူလယ်သမားများအနေဖြင့် လယ်မြေအများအပြားရှိသော်လည်း မြေညှိရန်သင့်တော်သည့် ပမာဏကိုသာ သတ်မှတ်ဆောင်ရွက်ကြခြင်း ဖြစ်ပါကြောင်း၊ မြေညီညာမှု၊ တမန်းညီညာမှု၊ သွင်းရေညီညာမှုများသည် လက်တွေ့စိုက်ပျိုးရေးတွင် အရေးကြီးသည့် အချက်ဖြစ်သည့်အတွက် တစ်ဆက်တစ်စပ်တည်း ကျယ်ပြန့်စွာဆောင်ရွက်မှု မပြုခြင်းဖြစ်ပါကြောင်း။

စုပေါင်းလုပ်ကိုင်ဆောင်ရွက်မှုနှင့်ပတ်သက်ပြီး လယ်သမားများ၏ဆန္ဒသည်လည်း အရေးပါ ပါကြောင်း၊ လယ်သမားများသည် ၎င်းတို့လုပ်ပိုင်ခွင့်ရမြေ…
လုပ်ကိုင် ဆောင်ရွက်လိုကြသူများ ဖြစ်ပါ…
သမားများသည် အထွက်နှုန်းမြင့်မားအော…
တစ်သီး စိုက်ပျိုးနိုင်အောင် အစဉ်တစိုက်ကြိုး…
ဖြစ်ပါကြောင်း၊ လုပ်ငန်းရှင်များက ၎င်းတို့လု…
စိုက်ပျိုးမြေများကို တစ်ဆက်တစ်စပ်တည်း…
ရွက်ပေးမည်ဆိုပါကလည်း ဆောင်ရွက်လို…
အတွက် လက်ရှိအခြေအနေတွင် ပေါင်းစ…
နိုင်ရန် မဖြစ်နိုင်ကြောင်းကို ပြောကြားလိုပါ…

လယ်ယာသုံးစက်ကိရိယာများ…

နိုင်ငံတော်အနေဖြင့် စက်မှုလယ်ယာ…
အတွက် အားပေးဆောင်ရွက်လျက်ရှိရာတွ…
အများစု ပိုင်ဆိုင်သည့် စိုက်ပျိုးမြေအကျယ်…
လျော်ညီထွေဖြစ်သည့် လယ်ယာသုံး စက်ကိရိ…
ပြုနိုင်ရေးအတွက် အားပေးဆောင်ရွက်လျ…
စက်မှုလယ်ယာအဖြစ် အကောင်အထည်…
ကြီးမားသောယန္တရားကြီးများဖြင့် ကျယ်ပြ…
မြေများအပေါ် ထွန်ယက်စိုက်ပျိုးရိတ်သိမ်းခြ…
မသက်ရောက်ဘဲ လူ၊ ကျွဲ၊ နွား စသည်တို့ဖြင့်…
ရိတ်သိမ်းမှုများအပေါ် အခြေအနေနှင့်…
လယ်ယာသုံးစက်ကိရိယာများဖြင့် အစားထို…
ပေါင်းစပ် အသုံးပြုခြင်းဟုသာ ဖွင့်ဆို…
သီးနှံစိုက်စွမ်းအား မြင့်တက်လာသည်နှင့်အ…
တစ်သီးကြား အချိန်မီစေရန် တောင်သူ…
ကိုယ်တိုင် မိမိတို့စိုက်ပျိုးမြေအတွက်…
လယ်ယာသုံးစက်ကိရိယာများကို စိတ်ကြိုက် ဝ…
ရှိနေပြီဖြစ်ပါကြောင်း၊ လက်ရှိ အသုံးပြုနေသ…
လက်တွန်းထွန်စက်များ၊ ရိတ်စက်များ၊ ခြွေ…
ရိတ်သိမ်းခြွေလှေ့စက်များသည် မြန်မာနိုင်ငံ…
ဆဲနိုင်ငံများ၏ လယ်ယာကဏ္ဍတွင် ထိရော…
ရှိသော လယ်ယာသုံးစက်ကိရိယာများဖြစ်ပြ…
လယ်သမားများပိုင်ဆိုင် သုံးစွဲမှု ရှိလာ…
မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်အနေဖြ…
ပေးချေသည့်စနစ်ဖြင့် ဖြန့်ဖြူး ရောင်းချပေးလ…
လယ်သမားများကိုယ်တိုင်ကလည်း ဝယ်ယူ…
သည့်အတွက် လက်ရှိအချိန်အထိ ပြုစုထားသ…
လက်တွန်းထွန်စက်နှင့် လယ်ထွန်စက်ပေါင်း…
ရိတ်သိမ်းစက်ပေါင်း (၂၁၆၁၃)စီး၊ ခြွေ…
(၄၄၁၁၁)စီး သုံးစွဲလျက်ရှိနေသည့်အပြင်…
ဒေသများမှာလည်း ရိတ်သိမ်းခြွေလှေ့စက်မှ…
စိုက်စက်များကို အသုံးပြုနိုင်ရေးအတွက် ဆေ…
ရှိပါကြောင်း၊ ပုဂ္ဂလိကကုမ္ပဏီများကိုလည်း စ…
ထုတ်လုပ်ရောင်းချနိုင်ရေး အားပေးဆော…
ကြောင်း။

လက်တွဲပူးပေါင်းဆောင်ရွက်…

ထို့ကြောင့်လက်ရှိအခြေအနေအရ…
တစ်ဦးချင်းစိုက်ပျိုးနေမှုအပေါ် ပိုမိုစိုက်…
တိုးတက်ရေးနှင့် စိုက်ပျိုးမြေနှင့်သင့်တော်…
သုံးစက်ကိရိယာများ ပိုင်ဆိုင်သုံးစွဲနိုင်ရေးတို့အ…
ဆောင်ရွက်ခြင်းသည် တောင်သူလယ်သမ…
စီးပွားရေး မြင့်မားရေးအတွက် အဓိကအထေ…
စေသည့်အတွက် ဝန်ကြီးဌာနနှင့် လက်တွဲပူးပေ…
သင့်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် ကချင်ပြည်နယ် မဲဆန္ဒနယ…
ဦးမြအုန်းက ကချင်ပြည်နယ်ဖားကန့်မြို့နယ်တွ…
တရားဝင်ကျောက်စိမ်းလုပ်ကွက်များ တူးဖော်…
ပေးခဲ့သည့်အတွက် ဒေသခံပြည်သူများ အလု…
အလမ်းများရရှိလာပြီး လူမှုစီးပွားဘဝများ…
လာခဲ့ပါကြောင်း၊ သို့သော်လည်း အဆို…
လုပ်ကွက်များမှ စွန့်ပစ်မြေစာများသည် ဖားက…
အတွင်း လျှောကျ စီးဝင်မှုကြောင့် ချောင်းကြမ်…
နှစ်စဉ်နှစ်တိုင်း မိုးတွင်းကာလ၌ ရေကြီးနစ်…
ရကြောင်း အိမ်ခြေအမြောက်အမြား…
အန္တရာယ် ကြုံတွေ့ခဲ့ကြရကြောင်း၊ ထို့ကြေ…
ဥရုချောင်း ရေလမ်းကြောင်းထိန်းသိမ်းရေးလုပ်…
သို့ စီမံဆောင်ရွက်ပေးနိုင်မည်ကို သိရှိလို…
မေးမြန်းသည်။

ထိခိုက်ပျက်စီးမှုကိုကာကွယ်…

ယင်းမေးခွန်းနှင့် စပ်လျဉ်း၍ သက်ဆိုင်…
အဆင့် အဖွဲ့အစည်းဝင်ဖြစ်သည့် သတ္တု…
ဝန်ကြီး ဦးအုန်းမြင့်က ပြန်လည်ဖြေကြားရာ…
အတွင်းရှိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းမျာ…
အကျိုးရှိစွာအသုံးပြုနိုင်ရေးအတွက် ထိန်းသိ…
မြစ်ချောင်းများအတွင်း ရေလမ်းကြောင်းဆ…
ချောမွေ့စေရန်၊ ရေအရင်းအမြစ်နှင့် မြစ်…
တိုးတက်စေရန်နှင့် သဘာဝပတ်ဝန်းကျင် ထိ…
ကာကွယ်ရန် စသည့်ရည်ရွယ်ချက်များဖြင့် နိုင်…
သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ရေအရ…
ချောင်းများ ထိန်းသိမ်းရေး ဥပဒေကို ၂၀၀၆ခု…
ဘာလ ၂ရက်နေ့တွင် ထုတ်ပြန်ထားပြီး ဖြစ်…

သမားများသည် ၎င်းတို့လုပ်ပိုင်ခွင့်ရမြေတွင် ကိုယ်တိုင်လုပ်ကိုင် ဆောင်ရွက်လိုကြသူများ ဖြစ်ပါကြောင်း၊ လယ်သမားများသည် အထွက်နှုန်းမြင့်မားအောင် တစ်သီးပြီး တစ်သီး စိုက်ပျိုးနိုင်အောင် အစဉ်တစိုက်ကြိုးပမ်းနေကြသူများ ဖြစ်ပါကြောင်း၊ လုပ်ငန်းရှင်များက ၎င်းတို့လုပ်ပိုင်ခွင့်ရသည့် စိုက်ပျိုးမြေများကို တစ်ဆက်တစ်စပ်တည်း ပြင်ဆင်ဆောင်ရွက်ပေးမည်ဆိုပါကလည်း ဆောင်ရွက်လိုခြင်းမရှိကြသည့်အတွက် လက်ရှိအခြေအနေတွင် ပေါင်းစည်းဆောင်ရွက်နိုင်ရန် မဖြစ်နိုင်ကြောင်းကို ပြောကြားလိုပါကြောင်း။

လယ်ယာသုံးစက်ကိရိယာများ

နိုင်ငံတော်အနေဖြင့် စက်မှုလယ်ယာကူးပြောင်းရေးအတွက် အားပေးဆောင်ရွက်လျက်ရှိရာတွင် လယ်သမားအများစု ပိုင်ဆိုင်သည့် စိုက်ပျိုးမြေအကျယ်အဝန်းနှင့် လိုက်လျောညီထွေဖြစ်သည့် လယ်ယာသုံး စက်ကိရိယာများ အသုံးပြုနိုင်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ စက်မှုလယ်ယာအဖြစ် အကောင်အထည်ဖော်ခြင်းသည် ကြီးမားသောယန္တရားကြီးများဖြင့် ကျယ်ပြန့်သောစိုက်ပျိုးမြေများအပေါ် ထွန်ယက်စိုက်ပျိုးရိတ်သိမ်းခြင်းဟု အဓိပ္ပာယ်မသက်ရောက်ဘဲ လူ၊ ကျွဲ၊ နွား စသည်တို့ဖြင့် ထွန်ယက်စိုက်ပျိုးရိတ်သိမ်းမှုများအပေါ် အခြေအနေနှင့် ကိုက်ညီသည့် လယ်ယာသုံးစက်ကိရိယာများဖြင့် အစားထိုး အသုံးပြုခြင်း၊ ပေါင်းစပ် အသုံးပြုခြင်းဟုသာ ဖွင့်ဆိုနိုင်ပါကြောင်း၊ သီးနှံစိုက်စွမ်းအား မြင့်တက်လာသည်နှင့်အမျှ တစ်သီးနှင့်တစ်သီးကြား အချိန်မီစေရန် တောင်သူလယ်သမားများ ကိုယ်တိုင် မိမိတို့စိုက်ပျိုးမြေအတွက် အသုံးဝင်သည့် လယ်ယာသုံးစက်ကိရိယာများကို စိတ်ကြိုက် ဝယ်ယူသုံးစွဲလျက်ရှိနေပြီဖြစ်ပါကြောင်း၊ လက်ရှိ အသုံးပြုနေသည့် ထွန်စက်များ၊ လက်တွန်းထွန်စက်များ၊ ရိတ်စက်များ၊ ခြွေလှေ့စက်များနှင့် ရိတ်သိမ်းခြွေလှေ့စက်များသည် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ လယ်ယာကဏ္ဍတွင် ထိရောက်အောင်မြင်မှုရှိသော လယ်ယာသုံးစက်ကိရိယာများဖြစ်ကြသည့်အတွက် လယ်သမားများပိုင်ဆိုင် သုံးစွဲမှု ရှိလာစေရေးအတွက် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်အနေဖြင့် အရစ်ကျပေးချေသည့်စနစ်ဖြင့် ဖြန့်ဖြူး ရောင်းချပေးလျက်ရှိပါကြောင်း၊ လယ်သမားများကိုယ်တိုင်ကလည်း ဝယ်ယူအသုံးပြုလျက်ရှိသည့်အတွက် လက်ရှိအချိန်အထိ ပြုစုထားသည့်စာရင်းအရ လက်တွန်းထွန်စက်နှင့် လယ်ထွန်စက်ပေါင်း (၁၅၉၂၂၁)စီး၊ ရိတ်သိမ်းစက်ပေါင်း (၂၁၆၁၃)စီး၊ ခြွေလှေ့စက်ပေါင်း (၄၄၁၁၁)စီး သုံးစွဲလျက်ရှိနေသည့်အပြင် သင့်တော်သည့် ဒေသများမှာလည်း ရိတ်သိမ်းခြွေလှေ့စက်များနှင့် ကောက်စိုက်စက်များကို အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိကကုမ္ပဏီများကိုလည်း စက်ကိရိယာများ ထုတ်လုပ်ရောင်းချနိုင်ရေး အားပေးဆောင်ရွက်လျက်ရှိကြောင်း။

လက်တွဲပူးပေါင်းဆောင်ရွက်

ထို့ကြောင့်လက်ရှိအခြေအနေအရ လယ်သမားများ တစ်ဦးချင်းစိုက်ပျိုးနေမှုအပေါ် ပိုမိုစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးနှင့် စိုက်ပျိုးမြေနှင့်သင့်တော်သည့် လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်သုံးစွဲနိုင်ရေးတို့အတွက် အားပေးဆောင်ရွက်ခြင်းသည် တောင်သူလယ်သမားများ၏ လူမှုစီးပွားရေး မြင့်မားရေးအတွက် အဓိကအထောက်အကူ ဖြစ်စေသည့်အတွက် ဝန်ကြီးဌာနနှင့် လက်တွဲပူးပေါင်းဆောင်ရွက်သင့်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)မှ ဦးမြအုန်းက **ကချင်ပြည်နယ်ဖားကန့်မြို့နယ်တွင် နိုင်ငံတော်က တရားဝင်ကျောက်စိမ်းလုပ်ကွက်များ တူးဖော်ထုတ်လုပ်ခွင့်ပြုပေးခဲ့သည့်အတွက် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာပြီး လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာခဲ့ပါကြောင်း၊ သို့သော်လည်း အဆိုပါကျောက်စိမ်းလုပ်ကွက်များမှ စွန့်ပစ်မြေစာများသည် ဖားကန့်မြို့ ဥရုချောင်းအတွင်း လျှောကျ စီးဝင်မှုကြောင့် ချောင်းကြမ်းပြင်မြင့်တက်ပြီး နှစ်စဉ်နှစ်တိုင်း မိုးတွင်းကာလ၌ ရေကြီးနစ်မြုပ်မှု ဖြစ်ပွားခဲ့ရကြောင်း အိမ်ခြေအမြောက်အမြား သဘာဝရေဘေး အန္တရာယ် ကြုံတွေ့ခဲ့ကြရကြောင်း၊ ထို့ကြောင့် ဖားကန့်မြို့ ဥရုချောင်း ရေလမ်းကြောင်းထိန်းသိမ်းရေးလုပ်ငန်းကို မည်ကဲ့သို့ စီမံဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း**ဖြင့် မေးမြန်းသည်။

ထိခိုက်ပျက်စီးမှုကိုကာကွယ်

ယင်းမေးခွန်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ဖြစ်သည့် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်က ပြန်လည်ဖြေကြားရာတွင် မြန်မာနိုင်ငံအတွင်းရှိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများကို ပြည်သူများအကျိုးရှိစွာအသုံးပြုနိုင်ရေးအတွက် ထိန်းသိမ်းကာကွယ်ရန်၊ မြစ်ချောင်းများအတွင်း ရေလမ်းကြောင်းဆက်သွယ်မှု လုံခြုံချောမွေ့စေရန်၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်စေရန်နှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုကို ကာကွယ်ရန် စသည့်ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေး ဥပဒေကို ၂၀၀၆ခုနှစ် အောက်တိုဘာလ ၂ရက်နေ့တွင် ထုတ်ပြန်ထားပြီး ဖြစ်ပါကြောင်း။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေး ဥပဒေ အခန်း(၅)၊ ပုဒ်မ ၁၁၊ အပိုဒ်ခွဲ (ဂ)တွင် မြစ်ချောင်းအတွင်း ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်း (သို့မဟုတ်) သယံဇာတထုတ်ယူခြင်းလုပ်ငန်းများမှ စွန့်ပစ်မြေစာနှင့် အခြားပစ္စည်းများကို မြစ်ချောင်းအတွင်းသို့ဖြစ်စေ၊ မြစ်ချောင်းအတွင်းစီးဝင်နိုင်သည့် ရေဆင်းလမ်း လျှိုမြောင်များအတွင်းသို့ဖြစ်စေ စွန့်ပစ်ခြင်းမပြုရန် ပြဋ္ဌာန်းထားပါကြောင်း၊ **ဖားကန့်မြို့နယ်အတွင်း ကျောက်စိမ်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် သယံဇာတထုတ်ယူခြင်းလုပ်ငန်းများမှ ထွက်ရှိလာသော မြေစာနှင့် အခြား ပစ္စည်းများ စွန့်ပစ်ရာတွင် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်အတွက် အဆင့်ဆင့်ကြီးကြပ်ကွပ်ကဲရေးနှင့် ဥပဒေအရ အရေးယူ ဆောင်ရွက်ခြင်းများကို ဒေသအာဏာပိုင်နှင့်အတူ ဆောင်ရွက်လျက်ရှိ**ပါကြောင်း။

ရေစီးရေလာကောင်းမွန်ရေး

ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဥရုချောင်းတစ်လျှောက် ချင်းတွင်းဝမှ နန်ဘိုအောင်အထိ ရေစီးရေလာကောင်းမွန်ရေးနှင့် ရေယာဉ်ငယ်များ အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးအတွက် တစုန်များဖယ်ရှားခြင်း၊ မြစ်ကြောင်းတိမ်ကောစေသော ကမ်းစားပြိုမှု ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ရေလမ်းကောင်းမွန်ရေးအတွက် ရေလမ်းထိန်း အဆောက်အအုံများတည်ဆောက်ခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ရာ **၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် ကျောက်ဖြည့်ရေကာ (၁၅၅)မီတာ၊ တစုန်ဖယ်ရှားခြင်း (၆၀)ခု၊ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ကျောက်ဖြည့်ရေကာ (၁၂၅)မီတာ၊ တစုန်ဖယ်ရှားခြင်း (၃၀)ခု၊ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် မြေထိန်းနံရံ (၂၅၀)ပေ တို့ကို ဆောင်ရွက်ပေးခဲ့**ပါကြောင်း။

ဖားကန့်ရတနာနယ်မြေရှိ သယံဇာတတူးဖော်ရာမှ ထွက်ရှိလာသော စွန့်ပစ်မြေစာများ စနစ်တကျ စွန့်ပစ်ရေး၊ ဥရုချောင်း ရေစီးရေလာကောင်းမွန်ရေးနှင့် ဥရုချောင်း ရှင်းလင်းရေးလုပ်ငန်းများကို ဒေသအာဏာပိုင်မှ ဦးဆောင်၍ ကျောက်စိမ်းတူးဖော်ခြင်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီအဖွဲ့အစည်းများမှ အပိုင်းလိုက် တာဝန်ယူပြုပြင်

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါက်တာမြတ်ညဏစိုး မေးမြန်းစဉ်။ (သတင်းစဉ်)

ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ **ဥရုချောင်းအတွင်း ရေလမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန်နှင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရန်အတွက် ကျွမ်းကျင်သူပညာရှင်များပါဝင်သည့်အဖွဲ့က ၂၆-၁၁-၂၀၁၀ ရက်နေ့မှ ၁-၁၂-၂၀၁၀ ရက်နေ့အထိ ဟောင်ပါး၊ ဖားကန့်၊ ဆန်ခါ ရေလမ်းအပိုင်းအား ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဦးစီး၍ ကွင်းဆင်းစစ်ဆေးတိုင်းတာမှုများ ဆောင်ရွက်ခဲ့**ပြီးဖြစ်ပါကြောင်း။

သတ္တုတွင်းဝန်ကြီးဌာနအနေဖြင့် ဖားကန့်ရတနာနယ်မြေအပါအဝင် ရတနာနယ်မြေအသီးသီးတွင် ကျောက်စိမ်း၊ ကျောက်မျက်များတူးဖော်နိုင်ရန်အတွက် ၁၉၉၅ ခုနှစ် စက်တင်ဘာလ ၂၉ ရက်နေ့တွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၈/၉၅ အရ ထုတ်ပြန်ထားသည့် "မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ၊ နည်းဥပဒေ" လုပ်ထုံးလုပ်နည်းများနှင့်အညီ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များကို လုပ်ကိုင်ခွင့် ချထားပေးခဲ့ပါကြောင်း။

ကျောက်မျက်ရတနာ တူးဖော်ရေးလုပ်ငန်းများကို နိုင်ငံသား၊ ပုဂ္ဂလိက၊ ကုမ္ပဏီအသင်းများအား လုပ်ကိုင်ခွင့်ပြုသည့်အချိန်မှစ၍ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်သည့်လုပ်ငန်းများသည် တဖြည်းဖြည်း ကြီးထွားလာပြီး ကျောက်စိမ်း၊ ကျောက်မျက် တူးဖော်သည့်စနစ်များမှာလည်း

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။ (သတင်းစဉ်)

မိရိုးဖလာ တူးဖော်သည့်စနစ်မှ ခေတ်မီတိုးတက်လာ၍ စက်ယန္တရားများအသုံးပြု တူးဖော်သည့်စနစ်သို့ ပြောင်းလဲ၍ အသုံးပြု တူးဖော်လာခဲ့ကြပါကြောင်း၊ စက်ယန္တရားများဖြင့် တူးဖော်မှုကြောင့် သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေး၊ ချောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ဝန်ကြီး၊ ဒုတိယဝန်ကြီးများ ကွင်းဆင်းစစ်ဆေးခြင်းနှင့် လုပ်ကွက်များ ချထားပေးခြင်း၊ တူးဖော်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း ကိစ္စများနှင့် ပတ်သက်၍ သတ္တုတွင်းဝန်ကြီးဌာနမှ အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါကြောင်း-

(က) ကုန်းတွင်းပိုင်းလုပ်ကွက်များမှ စက်ယန္တရားများဖြင့် ကျောက်စိမ်းတူးဖော်ရာမှ ထွက်ရှိလာသည့် မြေစာနှင့်ကျောက်များကို ဥရုချောင်းအတွင်းသို့လည်းကောင်း၊ ဥရုချောင်းသို့စီးဝင်ရာ တောင်ကျရေဆင်းလမ်းနှင့် လျှိုမြောင်များအတွင်းသို့လည်းကောင်း စွန့်မပစ်ဘဲ လွတ်ကင်းရာသို့ စွန့်ပစ်ရန်။

(ခ) အများသုံးမြေစာစွန့်ပစ်ရန် နေရာမဟုတ်သည့် နေရာများတွင် ခွင့်ပြုချက်မရရှိဘဲ မြေစာပစ်ခြင်း လုံးဝမပြုလုပ်ရန်။

(ဂ) အကယ်၍ ဥရုချောင်းသို့ စီးဝင်ရာ တောင်ကျရေဆင်းလမ်းနှင့် လျှိုမြောင်များအတွင်းသို့ မလွှဲမရှောင်သာစွန့်ပစ်ရမည်ဆိုပါကလည်း ဥရုချောင်းသို့ မဝင်မီ လမ်းခုလတ်တွင် နုန်းစုကန် (Detention Pont)များ တူးဖော်စေပြီး စွန့်ပစ်မြေစာနှင့် ကျောက်များကို အဆိုပါ နုန်းစုကန်များတွင် စုဆောင်းဆယ်တင်ပြီးမှရေများကိုသာ ဥရုချောင်းအတွင်း စီးဝင်စေရန်။

(ဃ) ချောင်းအတွင်းပို့ချပြီးဖြစ်သော ကျောက်တုံးကြီးများအား နယ်မြေကြီးကြပ်အဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လုပ်ငန်းရှင်များအား ဆယ်ယူစေပြီး ချောင်းကမ်းနဖူးတွင် လုံလောက်သည့်အမြင့်ရောက်သည်အထိ စီ၍ မြေသားဖို့ပြီး ချောင်းကမ်းပါးများ ပြန်လည်ပြုပြင်ရန်နှင့် မြေသားခိုင်မာအောင် သစ်ပင်များစိုက်ပျိုးရန်။

(င) မြန်မာ့သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျောက်စိမ်းတူးဖော်ပြီးသည့် ချိုင့်များ၊ ကျင်းများတွင် မြေပြန်ဖို့ခြင်းနှင့် သစ်ပင် စိုက်ပျိုးခြင်းများ ဆောင်ရွက်ရေး ကြပ်မတ် စစ်ဆေးရန်။

(စ) ဥရုချောင်းနှင့် ပေ(၃၀၀)အတွင်း လုပ်ကွက်ခွင့်မပြုရန်။

(ဆ) ချောင်းအတွင်းပိတ်ဆို့နေသည့် ကျောက်တုံးငယ်များနှင့် မြေစာများအား မိုးတွင်းကာလတွင် မိုးရေနှင့် တိုက်စားစီးဆင်းစေပြီး မိုးကုန်ပိုင်းတွင် ရေလမ်းထိန်းသိမ်းရေးမှ ရေကြောင်းနှင့် ရေအနက် တိုင်းတာခြင်းလုပ်ငန်းများဆောင်ရွက်ရန်။

(ဇ) ချောင်းအတွင်းစီးဆင်းလျက်ရှိသည့် ရေအရည်အသွေးဆန်းစစ်ခြင်း၊ သဲနုန်းရွေ့လျားမှု ဆန်းစစ်ခြင်းတို့အား ဆည်မြောင်းဦးစီးဌာနမှ စမ်းသပ်စစ်ဆေးပေးရန်။

(ဈ) ရေလမ်းတိုးတက်ဖွံ့ဖြိုးကောင်းမွန်ရေးအတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်ပေးရန်။

(ည) ဥရုချောင်းအတွင်း မြေစာပိတ်ဆို့မှု၊ ရေစီးရေလာပြောင်းလဲမှုမရှိစေရေးအတွက် ချောင်းအတွင်းရွှေတူးဖော်ခြင်းနှင့် ကမ်းပါးဖြိုရွှေတူးဖော်ခြင်းများ လုံးဝမပြုရေးအတွက် ဒေသအာဏာပိုင်များဖြင့် ဖွဲ့စည်းထားသည့် ကြီးကြပ်ရေးအဖွဲ့များက စနစ်တကျ စစ်ဆေးကြပ်မတ် ဖယ်ရှားသွားရန်။

(ဋ) ကုန်းတွင်းပိုင်းတွင် ရွှေတူးဖော်ပါကလည်း ဥရုချောင်းအတွင်းစီးဝင်နိုင်သည့် ရေဆင်းလမ်းတစ်လျှောက်တွင် နုန်းစုကန်များတူးဖော်ထားရှိပြီး တူးဖော်ရာမှထွက်ရှိလာသည့်မြေစာနှင့် ကျောက်များကို အဆိုပါ နုန်းစုကန်များတွင် စုဆောင်းဆယ်တင်ထားပြီးမှ ရေများကိုသာ ဥရုချောင်းအတွင်း စီးဝင်စေရန်။

(ဌ) ရေကြောင်းအန္တရာယ်ဖြစ်စေသည့် ဥရုချောင်းအတွင်းမှ တန်စုန့် (Snag)များအား ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစီအစဉ်ဖြင့် ရှင်းလင်းဖယ်ရှားပေးရန်။

(ဍ) ဥရုချောင်းအတွင်း ပိတ်ဆို့ပို့ချပြီးဖြစ်သော နုန်းမြေများနှင့်သဲသောင်များကို ချောင်းအတွင်းရှိ သဲစုပ်စက်လှေ (Suction Dredger)နှင့်

ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးမြအုန်း မေးမြန်းစဉ်။ (သတင်းစဉ်)

သဲခပ် သောင်တူးစက်လှေ(Bucket Dredger) များဖြင့် ဒေသအာဏာပိုင်အစီအစဉ်ဖြင့် ရှင်းလင်း၍ နောင် ချောင်းအတွင်း သဲနုန်းပို့ချမှုမျိုး မရှိစေရေးဆိုင်ရာ အထက်အဖွဲ့အစည်းများသို့ တင်ပြလမ်းညွှန်မှုခံယူ၍ ညွှန်ကြားသည့်အတိုင်း ဒေသအာဏာပိုင်များမှ ကော်မတီများဖွဲ့စည်း၍ စနစ်တကျ လိုက်နာဆောင်ရွက်ရန်။

(ဎ) ဥရုချောင်းမှ သဲနုန်းများ၊ စွန့်ပစ်မြေစာနှင့် ကျောက်များ ချင်းတွင်းမြစ်အတွင်းသို့ မကျရောက်စေရန် အထူးကြပ်မတ်ဆောင်ရွက်ရန် ဖြစ်ပါ၍ သက်ဆိုင်ရာဌာနအသီးသီးမှ ထုတ်ပြန်ထားသည့် ဥပဒေစည်းမျဉ်း၊ စည်းကမ်း၊ အမိန့် နှင့် ညွှန်ကြားချက်များအား ပြန်လည်စိစစ်ပြီး လိုအပ်မှုရှိနေသေးပါက ထပ်မံဖြည့်စွက်ထုတ်ပြန်သွားရန်။

(ဏ) ပတ်ဝန်းကျင်ထိခိုက်မှုမဖြစ်ပေါ်စေရန်အတွက် ဥရုချောင်းဝန်းကျင်၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းတိုင်းအား Environmental Impact Accessment (E.I.A) ပြုလုပ်ပြီးမှ ထိခိုက်နိုင်သည့်အခြေအနေမရှိမှသာ ဆောင်ရွက်ရန် စသည်တို့ ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ဖားကန့်မြို့နယ်ရှိ ကျောက်စိမ်းလုပ်ကွက်များမှ စွန့်ပစ်မြေစာများကြောင့် ဥရုချောင်းတစ်လျှောက် ချောင်းကြမ်းပြင် **စာမျက်နှာ ၁၀ ကော်လံ ၁ သို့◆**

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၁-၃-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၅	၃။	နိုင်ငံတော်သီချင်း
၇း၁၀	၄။	တရားတော်
၇း၁၅	၅။	ဓမ္မပူဇာတေး
၇း၂၀	၆။	မျိုးချစ်တပ်မတော်
၇း၂၅	၇။	မြန်မာ့ရှုခင်း
၇း၃၀	၈။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀	၁၀။	အမျိုးသားရေး တေးကဗျာ
၈း၀၀	၁၁။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၂။	ဦးတည်ချက် (၁၂)ရပ်
၈း၁၃	၁၃။	အမျိုးသားရေး တေးကဗျာ
၈း၁၅	၁၄။	အပိတ်နှုတ်ဆက် စကား
၈း၁၆	၁၅။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၅	၃။	နိုင်ငံတော်သီချင်း
၄း၁၀	၄။	အဖွင့်သီချင်း
၄း၁၅	၅။	မျိုးချစ်တပ်မတော်
၄း၂၀	၆။	မဟာဂီတချိုကြည်မြ
၄း၂၅	၇။	မြန်မာစာ၊ မြန်မာစကား (အပိုင်း-၈)
၄း၃၀	၈။	ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၃၅	၉။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၄၅	၁၀။	အိုင်စီတီသုတ
၄း၅၅	၁၁။	အားလုံးရဲ့တာဝန်
၅း၂၅	၁၂။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၁၃။	သဘာဝ ပတ်ဝန်းကျင်နှင့် တောတွင်း တိရစ္ဆာန်များ -ရေအောက်ကမ္ဘာက သက်ရှိသတ္တဝါများ (အပိုင်း-၁)
၆း၀၀	၁၄။	မြဝတီ ရုပ်မြင်သံကြားသတင်း
၆း၁၀	၁၅။	အမျိုးသားရေး တေးကဗျာ
၆း၁၅	၁၆။	"ရွှာ"ဟာသ ဇာတ်လမ်းတွဲ
၆း၄၅	၁၇။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀	၁၈။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မျှော်လင့်ခြင်းရောင်ခြည် (အပိုင်း-၁၇)**
၈း၀၀	၁၉။	မြဝတီ ရုပ်မြင်သံကြားသတင်း
	၂၀။	အမျိုးသားရေး တေးကဗျာ
	၂၁။	ဦးတည်ချက်(၁၂)ရပ်
	၂၂။	နိုင်ငံတကာသတင်း
	၂၃။	မိုးလေဝသသတင်း
	၂၄။	သံစဉ်များနှင့်ကမ္ဘာ
	၂၅။	စိုက်ပျိုးသုတ
	၂၆။	မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
	၂၇။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၈။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မျဉ်းပြိုင်များ (အပိုင်း-၁၅)**
	၂၉။	ကမ္ဘာတစ်ခွင်ခရီးစဉ်
	၃၀။	သင့်အတွက်မနက်ဖြန်
	၃၁။	အပိတ်နှုတ်ဆက် စကား
	၃၂။	ပြီးပါပြီ။

◆ စာမျက်နှာ ၉ မှ

မြင့်တက်လာပြီး နှစ်စဉ်မိုးရာသီကာလ၌ ရေကြီး၊ ရေလျှံမှု ဖြစ်ပေါ်ခဲ့သည့်အတွက် ဒေသခံပြည်သူ အမြောက်အမြား သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရမှုနှင့် ပတ်သက်၍ ဥရုချောင်း ရေလမ်းထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသအာဏာပိုင်မှ ဦးဆောင်၍ လုပ်ငန်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများနှင့် အဖွဲ့အစည်းများမှ အပိုင်းလိုက်တာဝန်ယူ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုအပေါ် ကျွမ်းကျင်သူများ ပါဝင်သည့် အဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးတိုင်းတာမှုများပြုလုပ်၍ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများကို အချိန်နှင့်တစ်ပြေးညီ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် အစည်းအဝေးကို ခေတ္တရပ်နားသည်။

ယင်းနောက် အစည်းအဝေးကို ပြန်လည်စတင်ရာ အစီအစဉ်အရ အမျိုးသားလွှတ်တော်သို့ တင်သွင်းထားသည့် အဆိုများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ပိုမိုကောင်းမွန်သည့် အဖြေတစ်ခု

ရှေးဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ် တင်သွင်းထားသည့် **"လက်ရှိ ပညာရေးစနစ်ကို ကျွမ်းကျင်ပညာရှင်အဖွဲ့များနှင့် အတွေ့အကြုံရှိသောပုဂ္ဂိုလ်များဖြင့် ဘုတ်အဖွဲ့တစ်ခု ဖွဲ့စည်းပြီး ပြန်လည်သုံးသပ်ရန်"** အဆိုကို ရန်ကုန်

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် ဆွေးနွေးစဉ်။ (သတင်းစဉ်)

တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဦးဖုန်းမြင့်အောင်က ဆွေးနွေးရာ၌ **ဦးစတီဗင်သာဘိတ်၏ လက်ရှိပညာရေးစနစ်ကို ကျွမ်းကျင်ပညာရှင်များနှင့် အတွေ့အကြုံရှိသော ပုဂ္ဂိုလ်များဖြင့် ဘုတ်အဖွဲ့တစ်ခုဖွဲ့စည်းပြီး ပြန်လည်သုံးသပ်ရန်ကိစ္စနှင့် စပ်လျဉ်း၍ စဉ်းစားနိုင်သည့် အချက်များကို လေ့လာတင်ပြသွားမှာ ဖြစ်ပါကြောင်း၊ လက်ရှိပညာရေးစနစ်တွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းပညာရေးများကို ကျောင်းစာတစ်မျိုးတည်း အဓိကမထားဘဲ ဘက်စုံပညာရေးသို့ ဦးစားပေးသင့်ပါကြောင်း၊ စာမေးပွဲစစ်ဆေးမှုပုံစံကိုလည်း ပြောင်းလဲသင့်ပါကြောင်း၊ တစ်ဖက်ကလည်း တက္ကသိုလ်ဝင်တန်းကျောင်းသားများအတွက် ပုဂ္ဂလိကကျောင်း တည်ထောင်ခွင့်ပြုသင့်ပါကြောင်း၊ ထို့အပြင် ပညာရေး၌ အင်္ဂလိပ်စာအခက်အခဲကြောင့် ဘွဲ့ရသော်လည်း သက်ဆိုင်ရာပညာကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်မှုအားနည်းသည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ပြဋ္ဌာန်းစာအုပ်များကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ရိုက်နှိပ်ပြီး လေ့လာသင်ယူ စေသင့်ပါကြောင်း၊ အဝေးသင်ပညာရေးနှင့်ပတ်သက်၍ မီဒီယာကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုပြီး အောင်မြင်သည့် ပညာသင်ယူမှုစနစ်ကို ဖန်တီးသင့်ပါကြောင်း၊ လက်ရှိကျင့်သုံးလျက်ရှိသည့် စာမေးပွဲစနစ်ကို လည်းကောင်း၊ ကျောင်းသူ၊ ကျောင်းသားများအတွက် ကျောင်းဝတ်စုံ သတ်မှတ်သည့်စနစ်ကို လည်းကောင်း ပြန်လည်သုံးသပ်၍ ပြင်ဆင်သင့်ပါကြောင်း၊ မိမိတွေ့ရှိသုံးသပ် တင်ပြချက်များကို အခြေခံ၍ ပညာရေးလောကတွင် ကျင်လည်နေသည့် ဆရာ၊ ဆရာမများ၊ မိဘများ၊ ကျောင်းသားများနှင့် ထိတွေ့လေ့လာပြီး ပေါင်းစပ်နိုင်မည်ဆိုပါက အနာဂတ်ပညာရေးစနစ်အတွက် ပိုမိုကောင်းမွန်သည့်အဖြေတစ်ခု ရရှိနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း** ဆွေးနွေးသည်။

သုံးသပ်ထောက်ခံ ဆွေးနွေး

ဆက်လက်၍ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၄)မှ ဦးစိုင်းသန့်ဇင်က ဆွေးနွေးရာ၌ **ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ်၏ အဆိုကို လက်ရှိပြောင်းလဲလာသော နိုင်ငံတော်သစ်၏ မူဝါဒအရ လည်းကောင်း၊ တိုးတက်ပြောင်းလဲနေသော၊ ပေါ်ပေါက်ဖြစ်ထွန်းနေသော နည်းပညာသစ်များအရလည်းကောင်း၊ နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်ထားသော ပုဂ္ဂလိက ပညာရေးစနစ်များအရ လည်းကောင်း သုံးသပ်ထောက်ခံဆွေးနွေးသွားမည်** ဖြစ်ပါကြောင်း။

လက်ရှိပြောင်းလဲလာသော နိုင်ငံတော်၏ မူဝါဒများအရ၊ စနစ်များအရ လက်ရှိပညာရေးစနစ်ကို ကျွမ်းကျင်ပညာရှင်များနှင့်တကွ အတွေ့အကြုံရှိသော ပုဂ္ဂိုလ်များပါဝင်သည့် ဘုတ်အဖွဲ့တစ်ခုကို ဖွဲ့စည်းပြီး ပြန်လည်သုံးသပ်၍ လက်ရှိပညာရေးစနစ်ကို ယခုထက်ကောင်းမွန်သော အနေအထားရောက်အောင် ပြုစုပျိုးထောင်ရန်လိုသည်ဟု ယူဆပါကြောင်း။

စိတ်ပညာပိုင်းဆိုင်ရာ အားပေး

တိုးတက်ပြောင်းလဲလာသော နည်းပညာများအရ ခေတ်သစ်ပညာရေးစနစ်မှာ သိပ္ပံပညာကို ဦးစားပေးသော်လည်း **စိတ်ထားပိုင်း၊ အကျင့်စာရိတ္တပိုင်းကို ကောင်းမွန်အောင် ပြုပြင်ပေးနိုင်မည့်၊ အမှားနှင့်အမှန်ကို ဆုံးဖြတ်ပေးနိုင်မည့်၊ ကောင်းကျိုး၊ ဆိုးကျိုးများကို သုံးသပ်ဝေဖန်နိုင်မည့် စိတ်ပညာပိုင်းဆိုင်ရာကို အားပေးသည့် ပညာရေးစနစ်များကိုလည်း ပြုစုပျိုးထောင်ရန် လိုအပ်လာပါကြောင်း။**

ထို့အပြင် နိုင်ငံတကာတက္ကသိုလ် ပညာရေးစနစ်နှင့် ချိတ်ဆက်ပြီးဖြစ်ပေါ်လာသည့် ပုဂ္ဂလိကပညာရေးစနစ်ကို အားပေးသင့်ပါကြောင်း၊ နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်ပြီး လုပ်ဆောင်နေသော ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ တွင်ကျယ်လာသည်နှင့်အမျှ နောင်အနာဂတ်တွင် နိုင်ငံတကာ တက္ကသိုလ်ပညာရေးစနစ်နှင့် ချိတ်ဆက်နိုင်သည့် ပညာရေးစနစ်၊ စာမေးပွဲစနစ်များပါဝင်သော သင်ရိုးညွှန်းတမ်းများ၊ ပညာရေးစနစ်များ၊ လုပ်ငန်းများကို အစိုးရနှင့်သာမက အစိုးရနှင့်ပုဂ္ဂလိက နှစ်ဦးစလုံး ပါဝင်ဆောင်ရွက်နိုင်မည့် သင့်လျော်သော မူဝါဒများရရှိရေးလည်း လိုအပ်လာပြီဖြစ်ပါ

ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးစိုင်းသန့်ဇင် ဆွေးနွေးစဉ်။ (သတင်းစဉ်)

ကြောင်း၊ ထို့ကြောင့် ဦးစတီဗင်သာဘိတ်၏ **"လက်ရှိ ပညာရေးစနစ်ကို ကျွမ်းကျင်ပညာရှင်အဖွဲ့များနှင့် အတွေ့အကြုံရှိသော ပုဂ္ဂိုလ်များဖြင့် ဘုတ်အဖွဲ့တစ်ခု ဖွဲ့စည်းပြီး ပြန်လည်သုံးသပ်ရန်"** အဆိုကို ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ထို့နောက် ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် တင်သွင်းထားသည့် **"ချင်းပြည်နယ်၏ ပြည်နယ် မြို့တော်ဖြစ်သော ဟားခါးမြို့တွင် ကောလိပ်ကျောင်း ဖွင့်လှစ်ပေးနိုင်ပါရန်"** အဆိုကို ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးဇုန်လှယ်ထန်းက ဆွေးနွေးရာ၌ ကိုယ်စားလှယ်တော် ဦးပေါ်လျှံလွင်၏ ချင်းပြည်နယ်မြို့တော်ဖြစ်သည့် ဟားခါးမြို့၌ ကောလိပ်ကျောင်း ဖွင့်လှစ်ပေးနိုင်ပါရန် အဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုပါကြောင်း၊ **ချင်းပြည်နယ်၌ ကောလိပ်ကျောင်းထားပေးရန် ထောက်ခံသော်လည်း Location (နေရာ)ကို ကန့်ကွက်မှာဖြစ်ကြောင်း၊ ချင်းပြည်နယ်တွင် ကောလိပ်ထားပေးနိုင်မည်ဆိုလျှင် ဟားခါးမြို့သည် လက်ရှိတွင် ချင်းပြည်နယ်၏ မြို့တော်ဖြစ်သော်လည်း ချင်းပြည်နယ်၏ ပထဝီအနေအထား၊ လမ်းပန်းဆက်သွယ်ရေး၊ အခြားသောအခြေအနေအရပ်ရပ်အရ ချင်းပြည်နယ်မြောက်ပိုင်းအတွက် ဖလမ်းမြို့သည် ပိုမိုသင့်လျော်ကြောင်း၊ ချင်းပြည်နယ်တွင် ကောလိပ် (၂)ခု ထားပေးနိုင်မည် ဆိုပါက ချင်းပြည်နယ် တောင်ပိုင်း သင့်တော်သောနေရာတွင်ပါ ဖွင့်လှစ်ပေးသင့်ပါကြောင်း။**

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင်

ဖလမ်းမြို့သည် မွမ်းမံနိုင်မည်ဆိုပါက တောတောင် ရေမြေ သဘာဝအရင်းအမြစ် ကောင်းသောနေရာဖြစ်ပါကြောင်း၊ ထို့ကြောင့် ဖလမ်းမြို့သည် ကောလိပ်ကျောင်းထားရန် အသင့်လျော်ဆုံးနေရာ ဖြစ်ပါကြောင်း၊ ချင်းပြည်နယ်ကို လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးမည့် Centre ဖြစ်သည့် တက္ကသိုလ်၊ ကောလိပ်ကို ချင်းပြည်နယ်မြောက်ပိုင်း ဖလမ်းမြို့နှင့် တောင်ပိုင်းသင့်တော်သော နေရာ၌ပါ ကောလိပ် (၂)ခုထားပေးရန် စဉ်းစားပေးစေလိုကြောင်း၊ ကောလိပ်ထားရန် မည်သို့မျှ အဆင်မပြေပါကလည်း ပညာရေးတက္ကသိုလ် ထားပေးရန် တင်ပြလိုပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ် တင်သွင်းထားသည့် **"ကျန်းမာရေးကဏ္ဍတွင် ကျန်းမာရေးစောင့်ရှောက်မှုအားနည်းနေသဖြင့် အတွေ့အကြုံရှိသော ပညာရှင်များဖြင့် ဘုတ်အဖွဲ့တစ်ခု ဖွဲ့စည်းပြီး အကောင်းဆုံးနည်းလမ်း ချမှတ်ဆောင်ရွက်ပေးနိုင်ရန်"** အဆိုကို ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဂမ်ဆိုင်းက ဆွေးနွေးရာ၌ ချင်းပြည်နယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ် တင်ပြသွားသကဲ့သို့ **မိမိတို့ ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်သည် နယ်စပ်မြို့နယ်တစ်ခုဖြစ်သည်နှင့်အညီ မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနများ အတတ်နိုင်ဆုံး ဖွဲ့စည်းပုံအပြည့် ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ သို့သော် တိုက်နယ်ဆေးရုံများတွင် ဆေးဝါးမလုံလောက်မှု၊ ဝန်ထမ်းများမရောက်ရှိခြင်း၊ ရောက်ရှိသော်လည်း ကြာရှည်မနေနိုင်ခြင်းတို့ကြောင့် ကျန်းမာရေးစောင့်ရှောက်မှုအားနည်းနေကြောင်း၊ ကချင်ပြည်နယ်အတိုင်းအတာအနေဖြင့် နယ်စပ်မြို့နယ်များဖြစ်သည့် ပူတာအို၊ မချမ်းဘော၊ နောင်မွန်း၊ ခေါင်လံဖူး၊ အင်ဂျန်းယန်၊ ဆွမ်ပရာဘွမ်၊ ဆော့လော်နှင့် ချီဖွေ မြို့များတွင် ပိုမိုခက်ခဲမှုရှိသည်ကို တင်ပြအပ်ပါကြောင်း၊ မြို့ပေါ်ရှိ လူတန်းစားများမှာလည်း ကုန်ကျစရိတ်များပြားလှသည့် ပြင်ပဆေးခန်းတွင် ကုသနေရကြောင်း၊ ဆင်းရဲသော တောင်သူများနှင့် အလုပ်သမားများမှာလည်း ခက်ခဲမှုရှိသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ ဤအခက်အခဲများကို ပိုမိုဖြေရှင်းအောင်မြင်နိုင်အောင် အတွေ့အကြုံရှိသော ပညာရှင်များထံမှ အကြံဉာဏ်များရယူပြီး အကောင်းဆုံးသော နည်းလမ်းဖြင့် လူထု၏ ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ နည်းဗျူဟာတစ်ခုချမှတ်ကာ သို့မဟုတ် ဘုတ်အဖွဲ့တစ်ခုဖွဲ့စည်းကာ ဆောင်ရွက်ပေးနိုင်ရေး**အဆိုကို ကြိုဆိုထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ထို့နောက် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) မှ ဦးပေါ်လျှံလွင် တင်သွင်းထားသည့် **"ကျောင်းဆင်းပြီးဖြစ်သော ချင်းအမျိုးသားဆရာဝန်များအား ဆမ အမြန်ချပေးပါရန်နှင့် ချင်းပြည်နယ်**

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

တွင် ဆရာဝန်များလိုသော ဒေသများသို့ စေလွှတ်ပေးပါရန်" အဆိုကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၄)မှ ဒေါက်တာမြတ်ညဏ်စိုးက ဆွေးနွေးရာ၌ **ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆေးပညာဘွဲ့ရပြီးဖြစ်သည့် ဆေးပညာရှင်များကို ဆမ မွမ်းမံတစ်လသင်တန်းများ တက်ရောက်စေပြီး ဆမများ ထုတ်ပေးလျက်ရှိပါကြောင်း၊ ယခင်ကာလများက နိုင်ငံတော်အတွက် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်နိုင်မှသာ ဆမ ထုတ်ပေးခဲ့သော်လည်း ယခု ၎င်းကန့်သတ်ချက်မျိုး မရှိတော့ကြောင်း၊ ချင်းပြည်နယ်တွင် ဆရာဝန် အခက်အခဲဖြစ်နေသည် မှန်သော်လည်း ကျန်းမာရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ပေးမှု မရှိ၍ မဟုတ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနက လစ်လပ်နေရာများကို စိစစ်၍ ချင်းပြည်နယ်အတွက် ဆရာဝန်များ တာဝန်ပေးချထားပေးလျက်ရှိသော်လည်း အချို့မှာ မိမိတာဝန်ကျရာ ချင်းပြည်နယ်ဒေသသို့ သွားရောက် တာဝန်ထမ်းဆောင်ခြင်း မရှိသည့်အတွက် ဤကဲ့သို့သော အခက်အခဲမျိုး ကြုံတွေ့နေရခြင်း ဖြစ်ကြောင်း၊ ဆိုလိုသည်မှာ ချင်းပြည်နယ်တွင် တာဝန်ထမ်းဆောင်လိုသည့် ဆရာဝန်ရှားပါးနေသည့် အတွက်ကြောင့် ဖြစ်ကြောင်း၊ ထို့ကြောင့် ချင်းပြည်နယ်တွင် ဆရာဝန်များ တာဝန်ထမ်းဆောင်လိုစိတ်ထက်သန်စေရန် မက်လုံးပေးဖို့ လိုအပ်ကြောင်း၊ ပြည်နယ်ဝန်ကြီးချုပ်ဦးဆောင်သည့် ချင်းပြည်နယ်အစိုးရနှင့် ချင်းပြည်နယ် ကျန်းမာရေးဌာနတို့က ဖြေရှင်းခြင်းသည် ပြည်ထောင်စုအဆင့် ကျန်းမာရေးဝန်ကြီးဌာနက ဖြေရှင်းခြင်းထက် ပိုမိုထိရောက်မှုရှိမည်ဟု ယူဆပါကြောင်း၊ ယခင်က ပါလီမန်ဒီမိုကရေစီခေတ်က ရှမ်းပြည်နယ်တွင်ရှိခဲ့သည့် State Scholar System မျိုးကို ပြန်ပြီးအသက်သွင်းပေးသင့်ကြောင်း၊ ချင်းပြည်နယ်မှ ထူးချွန်ထက်မြက်သည့် ကျောင်းသားများကို ပြည်နယ်အစိုးရက ကျောင်းစရိတ်ထောက်ပံ့ ပံ့ပိုးပြီး သက်ဆိုင်ရာ ဘွဲ့ရလာချိန်တွင် ချင်းပြည်နယ်၌ ပြန်လည်တာဝန်ထမ်းဆောင်စေရန် စီမံဆောင်ရွက်ပေးနိုင်ပါကြောင်း၊ ၎င်းအစီအမံသည် ကာလအတိုင်းအတာတစ်ခုအထိ ကြာမြင့်နေဦးမည်ဖြစ်သည့် အတွက် လောလောဆယ်တွင် လက်ရှိ ဘွဲ့ရဆရာဝန်များအား ချင်းပြည်နယ်၌ တာဝန်ထမ်းဆောင်ချင်လာအောင် ပြည်နယ်အစိုးရက တာဝန်ယူပေးရန်လိုကြောင်း၊ တစ်ဖက်ကလည်း ချင်းအမျိုးသားဆရာဝန်များကို ချင်းပြည်နယ်၌ ဦးစားပေး ခန့်ထားရေး ညှိနှိုင်းဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် ချင်းပြည်နယ်အပါအဝင် နယ်စပ်ဒေသတွင် တာဝန်ထမ်းဆောင်ခဲ့သူများကို တာဝန်ပြီးဆုံးပါက ဘွဲ့လွန်သင်တန်းများတက်ရောက်ရေး လွယ်လင့်တကူရှိအောင် စီစဉ်ပေးခြင်း၊ ယင်းတာဝန်ထမ်းဆောင်မှုကို ဘွဲ့လွန်သင်တန်းဝင်ခွင့်စာမေးပွဲ၌ ပေးမှတ်တစ်ခုအနေဖြင့် စဉ်းစားပေးခြင်း စသည့်နည်းများဖြင့် ဖြေရှင်းနိုင်ပါကြောင်း**ဖြင့် ရှင်းလင်းဆွေးနွေးသည်။

၎င်းနောက် လွှတ်တော်ဥက္ကဋ္ဌက ယနေ့လွှတ်တော် ကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးခဲ့သည့် အဆို(၄)ခုနှင့် စပ်လျဉ်း၍ နံနက်ဖြန်တွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးမည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ အစီအစဉ်အရ အမျိုးသားလွှတ်တော်သို့ အဆိုများတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် ဆုံးဖြတ်ခြင်းကို ဆက်လက်ဆောင်ရွက်သည်။

အမည်စာရင်း ပေးပို့

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်က **"ဂန့်ဂေါမြို့နှင့် ရေစကြိုမြို့အကြား ကားလမ်းအား ဆယ့်နှစ်ရာသီ သွားနိုင်အောင် ပြုပြင်ပေးပါရန်နှင့် အရှေ့ဂန့်ဂေါနှင့် အနောက်ဂန့်ဂေါကြားရှိ ကြိုးတံတားအား ကားသွားနိုင်သောတံတားအဖြစ် တည်ဆောက်ပေးပါရန်"** အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးလှဆွေက ထောက်ခံတင်ပြသည်။

ထို့နောက် ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်၊ မသင့် အမျိုးသားလွှတ်တော်၏ ဆန္ဒကိုရယူရာ လွှတ်တော်က သဘောတူသည့်အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဂမ်ဆိုင်း ဆွေးနွေးစဉ်။ (သတင်းစဉ်)

ယင်းအဆိုကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေးရပ်နားသည့်အခါတွင် လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြရန် ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင်က **"ပလက်ဝနှင့်မတူပီမြို့ကို ဆက်သွယ်သော မော်တော်ကားလမ်းအား အမြန်တည်ဆောက်ပေးပါရန်"** အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးငွေ့ယိန်းက ထောက်ခံတင်ပြသည်။ ထို့နောက် ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်၊ မသင့် အမျိုးသားလွှတ်တော်၏ ဆန္ဒကိုရယူရာ လွှတ်တော်က သဘောတူသည့်အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

ယင်းအဆိုကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားသည့် အခါတွင် လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြရန် ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျွန်ခဲန်းက **"တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ပြီး ဝန်ထမ်းငယ်များအား ၎င်းတို့၏ လစာငွေမှ လစဉ် အရစ်ကျခုနှိမ်စနစ်ဖြင့် ဝယ်ယူရေးစီစဉ်ပေးရန်"** အဆိုကို တင်သွင်းသည်။

ယင်းအဆိုကို ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)မှ ဦးဇုန်လှယ်ထန်းက ထောက်ခံတင်ပြသည်။

အစည်းအဝေးရပ်နား

ထို့နောက် ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သင့်၊ မသင့် အမျိုးသားလွှတ်တော်၏ ဆန္ဒကိုရယူရာ လွှတ်တော်က သဘောတူသည့်အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည်။

ယင်းအဆိုကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားသည့်အခါတွင် လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြရန် ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားကြောင်းနှင့် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို မတ်လ ၁၁ ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို မွန်းလွဲ ၁၂ နာရီခွဲတွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

တောင်ငူခရိုင်အတွင်း ဆင်စခန်း၊ သစ်စက်၊ သင်တန်းကျောင်း၊ သစ်ဆိပ်နှင့် အလုပ်ရုံများ ဝန်ကြီး ဦးသိန်းအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၀

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်သည် မတ် ၉ ရက် နံနက်ပိုင်းတွင် ရေတာရှည်မြို့နယ် ဖိုးကျား ဆင်စခန်းသို့ ရောက်ရှိရာ သစ်တောရေးရာဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်နေသည့် Asia Green ကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးသန်းလွင်က ဆင်စခန်းအတွင်း တည်းခိုဆောင်များ ပြင်ဆင်ထားရှိမှု၊ ပြည်တွင်း၊ ပြည်ပခရီးသည် လာရောက်လေ့လာမှုနှင့် ဝင်ငွေရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဝန်ကြီးသည် ဆင်စခန်းရှိ ဆင်များကို အစာကျွေးမွေးပြီး တည်းခိုဆောင်များ ပြုပြင်ထားရှိမှုနှင့် ဧည့်သည်နားနေဆောင် ဆောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် မြန်မာ့သစ်လုပ်ငန်း အင်ဂျင်နီယာဌာန အခြေစိုက်အလုပ်ရုံ(ဆွာ)၌ ကြည့်ရှုစစ်ဆေးစဉ်။

(သစ်တော)

ယင်းနောက် ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် တောင်ငူမြို့ မြန်မာ့သစ်လုပ်ငန်း ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန အမှတ်(၈၉) သစ်စက် (ကျွန်းကုန်း)သို့ ရောက်ရှိပြီး စက်ရုံမှူး လက်ထောက်မန်နေဂျာ ဦးဌေးလွင်၏ စက်ရုံ၌ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် နွေရာသီရောက်ရှိပြီဖြစ်သဖြင့် မီးဘေးအန္တရာယ် ဂရုစိုက်ရေးနှင့် လိုအပ်သည်များကို မှာကြားကာ စက်ရုံအတွင်း သစ်ခွဲစိတ်လည်ပတ်ပုံ အဆင့်ဆင့်နှင့် ခွဲစိတ်ပြီးသစ်ခွဲသားများ စနစ်တကျထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ရေတာရှည်မြို့နယ် မြန်မာ့သစ်လုပ်ငန်း လေ့ကျင့်ရေးသင်တန်းကျောင်း အမှတ်(၁) (နန်ချွန်)သို့ ရောက်ရှိရာ ကျောင်းရှင်းလင်းဆောင်၌ ကျောင်းအုပ်ကြီး လက်ထောက်အထွေထွေမန်နေဂျာ ဦးအောင်မြတ်မိုးက ကျောင်းမှ လေ့ကျင့်သင်ကြားပေးလျက်ရှိသော သင်တန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဝန်ကြီးက သင်ရိုးညွှန်းတမ်းများကို ခေတ်နှင့်အညီ ပြင်ဆင်သင်ကြားသွားရေးကိစ္စများ မှာကြားကာ ဆင်အုပ်၊ ဆင်အုပ်ခေါင်း သင်တန်းပို့ချနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရေတာရှည်မြို့နယ် တောင်ငူ(တောင်) သစ်ထုတ်ရေးဒေသ ဆမိုးသစ်ဆိပ်သို့ ရောက်ရှိပြီး ဒေသမန်နေဂျာ ဦးခင်မောင်ကြည်(၂)၏ တောတွင်းမှ သစ်လုံးများ အချိန်မီ တိုက်ထုတ်နေမှု၊ သစ်ဆိပ်သို့ သစ်လုံးများ ရောက်ရှိမှု၊ သစ်တိုက်လမ်းများ ပြုပြင်ထားရှိမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားကာ သစ်ဆိပ်အတွင်းသစ်လုံးများ စနစ်တကျထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် ညနေပိုင်းတွင် မြန်မာ့သစ်လုပ်ငန်း အင်ဂျင်နီယာဌာန အခြေစိုက်အလုပ်ရုံ (ဆွာ)၌ တာဝန်ခံအင်ဂျင်နီယာ မန်နေဂျာ ဦးအေးမြင့်၏ ယာဉ်၊ ယန္တရားကြီးများ ပြုပြင်နေမှု အခြေအနေ ရှင်းလင်းတင်ပြမှုအပေါ် စက်ပြင်များ မွေးမြူလေ့ကျင့်ပေးရေးနှင့် လိုအပ်သည်များ မှာကြားကာ အလုပ်ရုံအတွင်း သစ်တိုက်ယာဉ်ကြီးများ ပြုပြင်နေမှု၊ စက်ပြင်အလုပ်ရုံ၊ ပန့်ပြင်ခန်းနှင့် စက်ပစ္စည်းသိုလှောင်ရုံတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၁၀-၂၀၁၁ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းစုစုပေါင်း (၁၅၇၀၈ ဒသမ ၈)ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်

နေပြည်တော် မတ် ၁၀

၂၀၁၀-၂၀၁၁ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ဘိန်းခင်းများ ရှာဖွေဖျက်ဆီးလျက်ရှိရာ ၂၀၁၀ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်အထိ ဘိန်းခင်း ၁၅၀၂၁ ဒသမ ၇၅ ဧက ဖျက်ဆီးနိုင်ခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၆ ရက်အထိ တိုင်းဒေသကြီး/ပြည်နယ်များအတွင်းမှ ဘိန်းခင်း ၆၈၇ ဒသမ ၀၅ ဧက ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း ၁၅၇၀၈ ဒသမ ၈ ဧက ဖျက်ဆီးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၆ ရက်အထိ ထပ်မံဖျက်ဆီးနိုင်ခဲ့သည့် ၆၈၇ ဒသမ ၀၅ ဧကအနက် ရှမ်းပြည်နယ် မိုင်းဖြတ်၊ မိုင်းဆတ်၊ မိုင်းတုံ၊ မိုင်းပျဉ်း၊ မိုးမိတ်၊ မန်တုံ၊ နမ့်ခမ်း၊ ကွတ်ခိုင်၊ နမ့်ဆန်နှင့်လားရှိုးမြို့နယ်အတွင်းမှ ၅၀၂ ဒသမ ၅ ဧက၊ ကချင်ပြည်နယ် ဝိုင်းမော်နှင့်တနိုင်းမြို့နယ်အတွင်းမှ ၁၈၃ ဒသမ ၂၅ ဧက၊ ချင်းပြည်နယ် တွန်းဇံမြို့နယ်အတွင်းမှ ၁ ဒသမ ၃ ဧက ပါဝင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

SSA (ရှက်ဆစ်)အကြွင်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် မတ် ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ဘန်းယဉ်မြို့နယ် ဆောဆာရွာနေ ကိုအိုက်ဆောသည် အဖော်တစ်ဦးနှင့်အတူ မတ် ၉ ရက် နံနက် ၁၀ နာရီခန့်တွင် ရွာမှတောင်ယာသို့ သွားရောက်ရန် ထွက်ခွာလာစဉ် ရွာ၏ အရှေ့မြောက်ဘက် သုံးမိုင်ခန့်အကွာ တောလမ်းတစ်နေရာ၌ SSA (ရှက်ဆစ်) အကြွင်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် ညာခြေမ၊ ခြေညိုးတို့ ပြတ်ရှဒဏ်ရာရရှိခဲ့ပြီး ဘန်းယဉ်တိုက်နယ်ဆေးရုံမှတစ်ဆင့် မတ် ၁၀ ရက်တွင် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသပေးလျက်ရှိကာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၁၁ Panasonic မော်ဒယ်လ်သစ် လေအေးပေးစက်များ မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် မတ် ၁၀

Panasonic ၏ ၂၀၁၁ ခုနှစ် မော်ဒယ်လ်သစ် လေအေးပေးစက်များ မိတ်ဆက်ပွဲအခမ်းအနားကို မတ် ၈ ရက် ညပိုင်းတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ Panasonic Singapore မှ General Manager, Mr. Nicholas Chua က မိတ်ဆက်စကားပြောကြားပြီး Panasonic Customer Relation Office (Myanmar) မှ မသဉ္ဇာက ၂၀၁၁ ခုနှစ် Panasonic လေအေးပေးစက်သစ်တွင် စွမ်းအင်လေလွင့်ဆုံးရှုံးမှုကို အကောင်းဆုံး လျှော့ချပေးနိုင်သည့် ECONAVI Concept အသစ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ECONAVI Concept သည် Human အာရုံခံကိရိယာနှင့် ထိန်းချုပ်မှုနည်းပညာနှစ်ခု ပေါင်းစပ်ပြီး အခန်းအတွင်း လူရှိ/မရှိ၊ လူနေရာအပြောင်းအရွှေ့၊ လူ၏ လှုပ်ရှားမှု အနည်း/အများတို့ကို အမြဲစောင့်ကြည့်စစ်ဆေးကာ လေအေးပေးစက်မှ အခန်းတွင်းလိုအပ်သည့် အအေးနှုန်း၊ လေစီးဆင်းမှုလမ်းကြောင်း စသည်တို့ကို အလိုအလျောက် ဆောင်ရွက်ပေးနိုင်သဖြင့် စွမ်းအင်သုံးစွဲမှုကို အကောင်းဆုံး လျှော့ချပေးနိုင်ကြောင်း သိရှိရသည်။

အခမ်းအနားတွင် ဖြန့်ဖြူးရောင်းချနေသော ပြည့်စုံဝင်းနိုင်ကုမ္ပဏီက ၂၀၁၁ ခုနှစ်အတွင်း အကောင်းဆုံး ပံ့ပိုးရောင်းချပေးခဲ့သော အရောင်းကိုယ်စားလှယ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် ဆုများချီးမြှင့်သည်။ ထို့နောက် ဝယ်ယူသုံးစွဲသူများအတွက် ၂၀၁၁ နွေရာသီ အရောင်းမြှင့်တင်ပွဲကို မတ် ၉ ရက်မှ ဇွန် ၉ ရက်အတွင်း ငွေသားဆုများ၊ ငွေကျပ်သုံးသိန်း၊ ငွေကျပ်နှစ်သိန်း၊ ငွေကျပ်တစ်သိန်း၊ ငွေကျပ်ငါးသောင်း၊ ငွေကျပ်သုံးသောင်း၊ ငွေကျပ်နှစ်သောင်း၊ ငွေကျပ်တစ်သောင်း တန်ဖိုးရှိ ဆုမဲများကို Warranty Card များတွင် ထည့်သွင်းပြီး ကျေးဇူးတုံ့ပြန်သည့် အရောင်းမြှင့်တင်ပွဲအကြောင်းကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားကြသည်။

ဝယ်ယူနိုင်

၂၀၁၁ ခုနှစ် Panasonic လေအေးပေးစက်အသစ်ကို Panasonic ၏ တရားဝင် Warranty ကတ်ဖြင့် တစ်နှစ် (ပစ္စည်း+လက်ခ)အခမဲ့ဖြင့် အမြို့မြို့အနယ်နယ်ရှိ အရောင်းကိုယ်စားလှယ်များနှင့် ပြည့်စုံဝင်းနိုင် အရောင်းပြခန်း အမှတ် (၂၃/၂၅) ၁၀၈လမ်းနှင့် မြန်မာ့ဂုဏ်ရည်လမ်းထောင့် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၀၃၄၈၄၊ ၂၀၃၄၈၅ နှင့် ၂၉၂၅၆၅၊ နေပြည်တော် အမှတ် ပ(၃၇/၃၈/၃၉)၊ သပြေကုန်းဈေး ဖုန်း-၀၉-၄၉၂၀၉၅၄၃ နှင့် ၀၉-၄၉၂၀၉၅၄၆ တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁-၃-၂၀၁၁ (သောကြာနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"မေတ္တာဖွေးဖြူစားဖွယ်လျှ" တရားတော် (ယောဆရာတော်ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ)
၆း၄၀	သံတွဲမြို့မှ အံ့ဖွယ်ထူးခြား သုံးဆူဘုရား
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၃၉)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၅၆)**
၈း၄၀	သွန်းပြုပူဇော်ရှစ်သောင်း လေးထောင်အဘိနိမ္မိတဗုဒ္ဓ ရုပ်ပွားတော်အလှူ
၉း၀၀	အထက(၂)တောင်ဥက္ကလာပ၏ (၁၃)ကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲ
၉း၁၀	Activities In The City [အမက(၁၅)ကြည့်မြင်တိုင်မြို့နယ်၏ပထမအကြိမ်အာစရိယ ပူဇော်ပွဲအခမ်းအနား]
၉း၂၀	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၉း၃၅	Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ ဦးသိုက်စိုး) (အပိုင်း-၄)
၁၀း၀၀	ရေဆန်စီးတဲ့မြစ် [နေမင်း၊ မယ်လိုဒီ၊ မေဇင်အောင်(ရွှေမင်းသား)] (ဒါရိုက်တာ-မောင်ဗေဒါ)
၁၀း၃၅	ဖက်ရှင်လမ်းညွှန် (နွေရာသီဖက်ရှင်)
၁၀း၅၅	သူတို့ပြောတဲ့သူတို့အကြောင်း (တေးသံရှင်ဖိုးကာနှင့်တွေ့ဆုံခြင်း) (အပိုင်း-၁)
၁၁း၂၅	ရန်ကုန်မြင်ကွင်းကျယ် [VAKOK Online Game ရဲ့ (၄)ကြိမ်မြောက် World of War Craft Game ပြိုင်ပွဲ]
၁၁း၄၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၅	"ဝမ်းမြောက်ရွှင်လန်း မင်္ဂလာကန်တော့ပန်း" (၁၉၆၆-၆၇ ပညာသင်နှစ် ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ အာစရိယပူဇော်ပွဲ)
၁၂း၄၀	ငြိမ်းအေးမှုတို့ဖြစ်တည်စေရာ ဓမ္မမာမကမဟာစည် သာသနာ့ရိပ်သာ
၁း၀၀	"မေတ္တာဖွေးဖြူစားဖွယ်လျှ" တရားတော် (ယောဆရာတော်ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	Style ရှိမှ Star ဖြစ်မယ်
၃း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၃၉)**
၄း၁၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၅၆)**
၅း၀၀	Activities In The City (Keen Cie Health Care Services မှကျင်းပပြုလုပ်သော)
၅း၂၀	ထူးချွန်သူများ မွေးဖွားပေးရာ SDEC ပါ. . .
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၄၀)**
၇း၁၀	The Champion of Dance
၈း၀၀	MRTV-4 သတင်း
၈း၃၀	ဂီတသရုပ်ပြခန်း (JET SAN HTUN -ကြယ်တွေလို)
၈း၅၅	အနုပညာမိုးကောင်းကင်
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၅၇)**
၁၀း၁၀	နှစ်သစ်အတွက် T-Home ရောင်စုံသကြန်
၁၀း၂၅	VJ Choice
၁၀း၅၅	Science For All (ကမ္ဘာမြေကိုကယ်တင်စို့) (အပိုင်း-၄) (သိပ္ပံစာရေးဆရာကိုကိုအောင်၊ ကျော်သူလင်း)
၁၁း၁၅	သတ္တုတူးသောရွာကလေး
၁၁း၂၅	World of Knowledge (Smart Tunnel)
၁၂း၁၅	စားဖွယ်အဖုံဖုံမုန့်မျိုးစုံ (ချိုချိုဆိမ့်ဆိမ့်ကိတ်လိတ် ပြုလုပ်နည်း)
၁၂း၂၅	ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာမျိုးမင်းစိုးနှင့်တွေ့ဆုံခြင်း)
၁၂း၅၀	မေတ္တာရောင်ပြန် (ဇေယျ၊ ဦးဝင်းမြင့်၊ စိုးမိုးကြည်) [ဒါရိုက်တာ-ဝင်းမောင်ရွှေ(Art)]
၁း၀၅	ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Jue Jue မင်္ဂလာဖိတ်စာနှင့် လက်ဆောင်ကမ်းပစ္စည်း)
၁း၂၀	ကော်ဖေးမှာအသွင်ဆန်း ဒေါ်ပုံကော်ဖေးအစွမ်း
၁း၅၅	စွဲမက်ဖွယ်ရာရတနာ (ကြည်လင်အေးမြ မြကျောက်အလှ) (အပိုင်း-၂)
၂း၂၀	Say It In English
၂း၃၀	ရှေ့သို့ရည်မှန်းမြန်မာ့စက်မှုလုပ်ငန်း (ခေတ်မီအစားထိုး Steel ပစ္စည်းအမျိုးမျိုး)
၂း၅၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀	ဖန်ဆင်းရေးခြယ် လက်ရာအသွယ်သွယ်
၄း၃၅	လှပသက်ဝင်ဖော့ပန်းပုရုပ်သွင်
၄း၄၅	ကြည်ညိုဖွယ်အထူး ဘုရားဖောင်တော်ဦး
၅း၀၀	အစီအစဉ်ပြီး။

အောက်ပိုင်းဒေသများ ကွက်ကျားမိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၁၀

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။ **နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း) နှင့် ချင်းပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** မုံရွာမြို့နှင့် ချောက်မြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီ တို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** လောင်းလုံမြို့တွင် ၁ ဒသမ ၀၂ လက်မနှင့် ကော့ကရိတ်မြို့တွင် သုည ဒသမ ၇၁ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မတ် ၁၁ ရက် ညနေထိခန့်မှန်းချက်။ ။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် မတ် ၁၀

ယနေ့နံနက် ၁၁ နာရီ ၃၁ မိနစ် ၂၀ စက္ကန့်တွင် မန္တလေး မြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၂၃၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပ (တရုတ်-မြန်မာနယ်စပ် တစ်နေရာ)ကို ဗဟိုပြု၍ အင်အား ရစ်(ခ်ျ) တာစကေး ၅ ဒသမ ၄ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့သဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား -
နားမယောင်လေနဲ့ သတိထား။

ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပ၊ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း၊ အဆိုများကို ဆွေးနွေးခြင်း၊ တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် အမျိုးသားလွှတ်တော်၏အဆုံးအဖြတ်ရယူ

သီးနှံများ အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေး ရေငန်တား တာတမံများကို နိုင်ငံတော်က တည်ဆောက်ပေးထား သယံဇာတတူးဖော်ရာမှ ထွက်ရှိမြေစာများ စနစ်တကျ စွန့်ပစ်ရေး အပိုင်းလိုက်တာဝန်ယူဆောင်ရွက်ရန် စီစဉ်လျက်ရှိ သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေး၊ ရေစီးရေလာကောင်းမွန်ရေး ဝန်ကြီး၊ ဒုတိယဝန်ကြီးများ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့

နေပြည်တော် မတ် ၁၀

ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ရောက်ရှိနေရာယူသည်။ ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၂၂၃)ဦး ရှိသည့်အနက် (၂၂၁)ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် (၉၉ ဒသမ ၁)ရာခိုင်နှုန်း တက်ရောက်သဖြင့် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး သတ္တမနေ့ အထမြောက်ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၆ အရ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းထားသည့် မေးခွန်းများအနက် စိစစ်ခွင့်ပြုသင့်သည့် ကြယ်ပွင့်ပြမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်းများ ဆောင်ရွက်ကြသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်လတ်က **ကမ္ဘာကြီး ပူနွေးလာမှုကြောင့် မြန်မာနိုင်ငံ၏ မိုင် (၁၀၀၀) ကျော် ရှည်လျားသော ပင်လယ်ကမ်းရိုးတန်းဒေသများသည် ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှု၊ ဒီရေလှိုင်းများ ရိုက်ပုတ်မှုနှင့် အိန္ဒိယသမုဒ္ဒရာရေမျက်နှာပြင် မြင့်တက်မှုဒဏ်များကို တစ်နှစ်ထက်တစ်နှစ် တိုး၍ ခံစားလာနေရကြောင်း။**

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)